မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၅)

အတ္တသမ္မာ ပဏိဓိစ တေ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပြည်ထောင်စုကြီး အင်အားချည့်နဲ့ပြိုကွဲအောင် အဆိုးမြင်ဝါဒီများက နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်

အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများ တူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ငမိုးရိပ်/ ဂျိုးဖြူရေပိုက်လိုင်းဖွင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-2 (01) 1 2/12/08, 1:16 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်)

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးထိန်းသိမ်း အမျိုးသားရေးမူဝါဒများ လက်တွဲကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားများ အတူတကွ ရောနှောနေထိုင်ခဲ့ကြရာ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီးဖြစ်သည်။ ၁၉ရာစုနှောင်းပိုင်းတွင် နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ပြုကာ သိမ်းပိုက်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကိုရယူရန် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပင်လုံညီလာခံကြီးကို ဖော်ဆောင်နိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရယူနိုင်ခဲ့သော အစဉ်အလာကောင်းကို ဖော်ညွှန်းပြသခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့သည် (၆၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

နယ်ချဲ့တို့က တိုင်းရင်းသားများအကြား သွေးကွဲစေရန် ဖန်တီးမှုများကြောင့် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများသည် ယခုအခါ တိုင်းရင်းသားအချင်းချင်း နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှု စသည့်စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကြောင့် ချုပ်ငြိမ်းသွားပြီဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးဝါဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားညီအစ်ကို မောင်နှမ အားလုံးက ဖြစ်ထွန်းတည်ရှိနေသည့် အမျိုးသားရေးမူဝါဒအပေါ် ယုံကြည်သက်ဝင်ပြီး လက်တွဲကြိုးပမ်းကြခြင်းဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း မြှင့်တင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မန္တလေးမြို့ ပေါက်မြိုင် တိုက်အုပ်ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ အဂ္ဂမဟာပဏ္ဍိတအား အမှူးထားကာ မန္တလေးမြို့ ဘုရားကြီးဈေး စ၃လမ်းနေ ဦးမောင်ကို-ဒေါ်မြခင်၊ သားသမီး၊ မြေးတစ်စု (ဦးကျောက်လုံး ပရဆေးဆိုင်)မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာ သုဝဏ္ဏာလင်္ကာရ (ဘုံဘေ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၃၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၃၂)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပုသိမ်မြို့ ဘိုးဘွားရိပ်သာ အဘိုးအဘွားများအား လှူသုံးပစ္စည်းနှင့်ထောက်ပံ့ငွေလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့သည် ဖေဖော်ဝါရီ၄ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ ဘိုးဘွားရိပ်သာသို့သွားရောက်၍ ဘိုးဘွားများအား လှူသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို လှူဒါန်းကြသည်။

ထောက်ပံ့ငွေလှူဒါန်း

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော်နှင့် အထွေထွေအတွင်းရေးမှူး၏ ဇနီး ဒေါ်နီနီဝင်းတို့က အဘိုး ၁၀ဦးနှင့် အဘွား ၂၆ ဦးတို့အား ပစ္စည်းများနှင့် ထောက်ပံ့ငွေများ လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းမိသားစုတို့က ဘိုးဘွားရိပ်သာရှိ အဘိုးနှင့် အဘွား ၃၆ဦးတို့အတွက် ရက်သတ္တတစ်ပတ်စာ စားသောက်စရိတ်ငွေကို ဘိုးဘွားရိပ်သာ ရိပ်သာမှူး ဒေါ်ခင်ခင်သိန်းထံ ပေးအပ်လှူဒါန်းကြသည်။

တွေ့ဆုံမှာကြား

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးကျင်မောင်-ဒေါ်စိန်စိန်မိသားစုက ဘိုးဘွားများအား အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနားကို ပြည်မြို့ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီးဌာနခန်းမတွင် ဖေဖော်ဝါရီ ၆ရက် နံနက်စနာရီက ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ် သဝဏ်လွှာကို ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းဝင်းက ဖတ်ကြားပြီး တိုင်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဗိုလ်မှူးချုပ်စိန်မြင့်က ဆုချီးမြှင့်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ (က-ပ)

ပန်းပေါင်းဘုရား ဗုဒ္ဓပူဇနိယ အလှူတော်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗရာမဝိပဿနာကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပန်းပွင့်ခုနစ်ကုဋေ ပန်းပေါင်းဘုရားကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော်အား နှစ်စဉ် ပူဇော်နေကြအတိုင်း တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ရက် (ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ရက်) သုံးရက်တိုင် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်းနှင့်ဆီမီး၊ ထမနဲ၊ ဆွမ်း ဆက်ကပ်ခြင်းတို့ဖြင့် ဗုဒ္ဓပူဇနိယ အလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဓမ္မဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယB.A)သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ ၂မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီဓမ္မရိပ်သာကြီး၌ တပေါင်းလပြည့်ကျော် ၂ရက်မှ ၁၁ရက်(မတ် ၂၃ရက်မှ ဧပြီ၁ရက်အထိ)ကျင်းပမည့် တရားစခန်းပွဲကြီး တွင် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ပါ၍ ဖုန်း-၀၉-၅၁-၃၇၀၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်း

အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

❒ **ရှေ့ဖုံးမှ**

မဆုတ်မနစ် ကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ဥမကွဲသိုက်မပျက် အတူတကွပေါင်းစည်းနေထိုင်ကြသော နိုင်ငံဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် မြတ်နိုးခုံမင်စွာထိန်းသိမ်းရင်း၊ ပြည်ထောင်စု၏အချုပ်အခြာအာဏာပိုင်စိုးမှုကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် မဆုတ်မနစ် ကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။

ကမ္ဘာ့အလယ် ဝင့်ထည်စွာရပ်တည်

လွတ်လပ်ရေးကြိုးပမ်းမှုကာလများအတွင်း တိုင်းရင်းသားများ၏ ပြောင်မြောက်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများသည် သမိုင်း၌ ထင်ရှားခဲ့ပါသည်။ ထိုသို့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ပြသနိုင်ခဲ့သဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့ပါသည်။

ဖွံ့ဖြိုးမှု နောက်ကျခဲ့ရ

လွတ်လပ်ရေးရပြီးနောက်တွင် ကိုလိုနီနယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်မှု၊ ဖိနှိပ်သွေးစုပ်မှုဒဏ်ရာဒဏ်ချက်များကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်

ယနေ့ကာလတွင် အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ပြည်ထောင်စု စိတ်ဓာတ် အခြေခံဖြင့် ခိုင်မာစွာတည်ဆောက်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို ဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတို့ဖြင့် နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တိကျခိုင်မာစွာ ချမှတ်

တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တိကျခိုင်မာစွာချမှတ်ကာ သန္နိဋ္ဌာန်စိတ်ဖြင့် လျှောက်လှမ်းလျက်ရှိရာ မူဝါဒလမ်းစဉ် (၇)ရပ်အနက် တတိယအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

တိုးတက်မှုနှောင့်နှေးအောင် ပြုလုပ်

ယင်းသို့သော အခြေအနေတွင် အဆိုးမြင်ဝါဒီများက ပြည်ထောင်စုကြီးကို အင်အားချည့်နဲ့ပြိုကွဲစေရန် သပ်လျှိုသွေးခွဲခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သွေးထိုးမြှောက်ပင့်ခြင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ရုံသာမက ပိတ်ဆို့ဟန့်တားမှု အဖုံဖုံတို့ဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးအောင် ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ ပြည်ထောင်စုကြီးအပေါ် အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းစေမည့် ပြည်ဖျက်တိုင်းဖျက်၊ အနှောင့်အယှက်လုပ်ငန်းများအား တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တွန်းလှန်ကာကွယ်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက်–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုး တက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ဟူသော ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတလည်–ချောင်းခေါင်း–သပြေတောင်ကျေးလက်မြေနီလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်၊ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်းရေးမှူး ဦးမင်းဟန်နှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၃၀ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် အရှေ့ချောက်ကန်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် တူးဖော်ပေးသော နှစ်လက်မစက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး တင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကင်ညာရွေးကောက်ပွဲအပြီး အကြမ်းဖက်ဆူပူသည့် ဒေသများ ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးလေ့လာ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၁

ကင်ညာသမ္မတရွေးကောက်ပွဲ၏ နောက်ဆက်တွဲဆိုးကျိုးများ အဆုံးသတ်ရန် နှစ်ဖက်ငြိမ်းချမ်းရေးသဘောတူညီမှုရရှိအောင် ဆောင်ရွက်ရေးကို ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး ဂျွန်ဟုမ်းကတိုက်တွန်းလိုက်သည်။

လေ့လာ

ရွေးကောက်ပွဲရလဒ် အငြင်းပွားမှုဖြစ်ပွားပြီးနောက် ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ရာ၌ ပေါက်ကွဲလုနီးပါး အခြေဆိုက်ရောက်သည့် ဒေသများသို့ ကိုယ်တိုင် သွားရောက်လေ့လာအပြီးတွင် ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး မစ္စတာဟုမ်းက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

ပြဿနာကိုနိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရန် မျှော်လင့်နိုင်သည့် အချိန်တွင် ယင်းသို့ တိုက်တွန်းခြင်းလည်း ဖြစ်သည်။

သဘောတူညီမှု

ကင်ညာ ငြိမ်းချမ်းရေးအတွက် စေ့စပ်ပေးသူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က နှစ်ဖက်စလုံး စိတ်ရှည်ကြရန် တိုက်တွန်းလျက်ရှိသည်။ သို့သော် နိုင်ငံရေးကိစ္စများဆိုင်ရာ သဘောတူညီမှုတစ်ရပ် လာမည့်ရက်သတ္တပတ်တွင် ရရှိနိုင်သည်ဟု ပြောကြားသည်။

အိုးမဲ့အိမ်မဲ့

ကင်ညာ၌အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၁၀၀၀ ခန့် သေဆုံးပြီး နှစ်သိန်းခွဲမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

(အင်တာနက်)

ဘရာဇီးတွင် ဘဏ်စားပြတိုက်မှု ခြောက်ဦးသေဆုံး

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၁

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မြို့ကလေးတစ်မြို့တွင် ဖေဖော်ဝါရီ ၈ ရက်မွန်းလွဲပိုင်းက ဘဏ်စားပြတိုက်မှုဖြစ်ပွားစဉ်အတွင်း အပြန်အလှန်ပစ်ခတ်မှုကြောင့် ရဲအရာရှိသုံးဦးအပါအဝင် စုစုပေါင်း ခြောက်ဦးသေဆုံးခဲ့ကြောင်း ဂလိုဘိုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခဲ့သည်။ သေဆုံးသူများထဲတွင် ရပ်ကြည့်သူနှစ်ဦးနှင့် စားပြတစ်ဦးပါဝင်သည်ဟု ဆိုသည်။

ဘရာဇီးနိုင်ငံ ဆီရာပြည်နယ် အရာကိုအီယာဘာမြို့ရှိ ဘဏ်ကို စားပြ၁၀ဦးက ဝင်ရောက်စားပြတိုက်ခဲ့ကြောင်း ဒေသခံများ၏ ပြောကြားချက်ကို ကိုးကား၍ ယင်းဌာနက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နောက်ပါသွားသောငွေကြေး ပမာဏကိုမူ ဖော်ပြခြင်းမရှိပေ။

လက်တင်အမေရိက၏ အကြီးဆုံးနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ရာဇဝတ်မှု ထူပြောလျက်ရှိသည်။ ၁၉၉၆ခုနှစ်မှ ၂၀၀၆ခုနှစ်အကြား ဘရာဇီးလူမျိုး သန်းဝက်နီးပါးမျှ အသတ်ခံရကြောင်း ကူညီထောက်ပံ့ရေးအုပ်စုများနှင့် အစိုးရအဖွဲ့က လွန်ခဲ့သောလတွင် ထုတ်ပြန်သော လေ့လာချက်များတွင် ဖော်ပြသည်။ အများစုမှာ အစုအပြုံလိုက် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ကမ်ဒန်ဈေး၌ ဖေဖော်ဝါရီ ၁၀ရက်က မီးလောင်မှုဖြစ်ပွားရာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားနိုင်ငံ စီတူဘွန်ဒိုကျေးရွာ၌ ဖေဖော်ဝါရီ ၁၀ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်သွားမှုကြောင့် နေအိမ် အများအပြား ပြိုလဲပျက်စီးခဲ့သည့်မြင်ကွင်း.... (အင်တာနက်ဓာတ်ပုံ)

ဘူတိုလုပ်ကြံမှု စကော့တလန်ယာ့ဒ် အစီရင်ခံစာ ပီပီပီပါတီ ဝေဖန်ထောက်ပြမည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၁

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို လုပ်ကြံခံရမှုနှင့်စပ်လျဉ်းသော စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့၏ အစီရင်ခံစာမှာ လုပ်ကြံမှုတွင် အငြင်းပွားစရာများကို ငြိမ်ကျပြေလည်သွားမည့်အစား ဖွပေးလိုက်သကဲ့သို့ဖြစ်သည်ဟုဆိုသည်။

ဘူတိုမှာ သေနတ်မှန်သေဆုံးခြင်းမဟုတ်ဘဲ ဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ လုပ်ကြံသူမှာ တစ်ဦးသာလျှင် ဖြစ်နိုင်ကြောင်း စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့က ဖေဖော်ဝါရီ ၈ရက်တွင် ပြောကြားသည်။

စကော့တလန်ယာ့ဒ် စုံစမ်းတွေ့ရှိချက်များကိုကြားရသောအခါ ပါကစ္စတန်ပြည်သူအများအပြား တော်တော်အံ့ဩသွားကြရသည်ဟုဆို၏။

ထုတ်ပြန်သွားမည်

ဘူတို၏ ပီပီပီပါတီက ရှေ့နေများနှင့် ဗဟိုအလုပ်အမှုဆောင်များ ညှိနှိုင်းပြီးသည့်အခါတွင် ထိုအစီရင်ခံစာပါ တွေ့ရှိချက်များအပေါ် အသေးစိတ်ဝေဖန်ထောက်ပြမှုကို ထုတ်ပြန်သွားမည်ဟု ဆိုသည်။

ဝေဖန်ပြောကြား

ဘူတို လုပ်ကြံခံရမှုကို ကုလသမဂ္ဂလက်အောက်မှ နိုင်ငံတကာအဖွဲ့တစ်ဖွဲ့ကစုံစမ်းစစ်ဆေးပေးရန် ပါတီ၏ အဓိက တောင်းဆိုချက်ကို တစ်ကွက်နင်း၍ ရှောင်ရန် စုံစမ်းစစ်ဆေးရေးတွင် စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကို ဆွဲသွင်းလိုက်ခြင်းဖြစ်သည်ဟု ပီပီပီပါတီက ဝေဖန်ပြောကြားထားသည်။ **(အင်တာနက်)**

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့ သည်

ရှေးကြမ္မာဝိပါက်နှိပ်စက်လေပြီထင့်

ဆီဗီလာမြို့သည် စပိန်နိုင်ငံအနောက်တောင်ပိုင်း ဂွါဒယ်လ်ကွိုင်ဗီရ် မြစ်ကမ်းနဖူးရှိ ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေ ရှစ်သိန်းကျော်နေထိုင်ပြီး အတော်အတန်စည်ကားသည်။ ရေလမ်း၊ ကုန်းလမ်း ဆက်သွယ်ရေး ကောင်းမွန်ပြီး ကူးသန်းရောင်းဝယ်ရေး ဖြစ်ထွန်းသည်။

စွန့်စွန့်စားစား

ဂျာဗီယာဗီလန်နျူဗာ **(အပေါ်ပုံ)** သည် သူ့မြေပေါ် ခြေပြန်ချပြီး သူ့ရေကို ပြန်လည်သောက်သုံးခွင့်ရသည်မှာ တစ်လနီးပါး လောက်သာ ရှိသေးသည်။ ဆီဗီလာမြို့သည် သူ၏ ဇာတိမြို့ဖြစ်သည်။ သူမွေးလာကတည်းက နှစ်ပေါင်း ၄၀မျှနေထိုင်လာခဲ့သည့် မြို့ကိုလေးနှစ်ကျော်မျှ ခွဲခွာခဲ့ပြီး စွန့်စွန့်စားစား သူ့ဘဝရှေ့ရေးအတွက် စီးပွားသွားရှာခဲ့သော်လည်း ဘဝတစ်ခုလုံး ရေတိမ် နစ်ရမည့်ကိန်းနှင့် ကြုံဆုံခဲ့ရသည်။ သို့သော်လည်း ကံကောင်းထောက်မစွာ ဘဝ အမှောင်ကျတော့မည့် ဆဲဆဲတွင် ပြန်လည်လွတ်မြောက်လာခဲ့သည့်အတွက် သူ့ကို မျက်နှာသာပေးသော ကံကြမ္မာ ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။ အတိတ်ကိုပြန်စဉ်းစားမိတော့ စေ့စေ့တွေးရေးရေး ပေါ်လာတော့သည်။

လွန်ခဲ့သော ၂၀၀၄ ခုနှစ်စပိုင်းအထိ သူ၏ဇာတိမြို့တွင် မိဘနှစ်ပါး၊ အစ်ကိုနှစ်ယောက်တို့နှင့်အတူ မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။ မိဘနှစ်ပါးကို မတောင့်မတ မကြောင့်မကြ နေထိုင်နိုင်စေရန်အတွက် အလုပ်လုပ်စီးပွားရှာချင်သော ဂျာဗီယာသည် မိဘများနှင့် မခွဲခွာလိုသော်လည်း ခွဲခွာခဲ့ရပြီး ဘိုလီးဗီးယားနိုင်ငံသို့ အလုပ်လုပ်ရန် သွားရောက်ခဲ့သည်။ မိဘများက သူ့အား ပြည်ပသို့ မသွားဘဲ မိသားစုနှင့် ဥမကွဲသိုက်မပျက် နေရန် တားမြစ်ခဲ့သော်လည်း နောက်ဆုံး တွင် စီးပွားရှာပြီး မိဘများကို လုပ်ကျွေးချင်သူ ဂျာဗီယာကို ခွင့်ပြုခဲ့ရသည်။

ဥမကွဲသိုက်မပျက်

ဂျာဗီယာသည် ဘိုလီးဗီးယားသို့ ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ သွားရောက်ပြီး အလုပ်ကြိုးစားလုပ်ကိုင်ခဲ့လေသည်။ ဆီဗီလာမြို့ရှိမိဘများထံသို့လည်း ငွေမှန်မှန် ပို့ခဲ့လေသည်။ ဝင်ငွေကောင်းမှုကြောင့် လုပ်ငန်းခွင်တွင် ပျော်ရွှင်ကာ အထိုင်ကျနေခဲ့ပြီ ဖြစ်သည်။ အလုပ်လုပ်ကိုင်ရင်း အလုပ်ခွင်အတွင်း၌ မာကိုဒီယိုဒါတို၊ ဆန်ဒရိုဒီကာဗယ်လ်ဟိုတို့နှင့် ရင်းနှီး ကျွမ်းဝင်ခဲ့လေသည်။ စိတ်ထားဖြောင့်မှန် ရိုးသားသူ ဂျာဗီယာသည်အဆိုပါ မိတ်ဆွေနှစ်ဦး၏ ဇာစ်မြစ်ကို မသိရှိခဲ့ပေ။ မိတ်ဆွေအဖြစ် ပေါင်းသင်းခဲ့သော ယင်းအမျိုးသားနှစ်ဦးကို ထဲထဲဝင်ဝင် မပေါင်းသင်းဘဲ သူ၏ အလုပ်အကိုင်တွင် သာ အာရုံစူးစိုက်ထားသော ဂျာဗီယာသည် မိတ်ဆွေ နှစ်ဦးကို ရိုးသားသူများသာဖြစ်သည်ဟု မှတ်ယူထားမိသည်။ ထိုသို့ မှတ်ယူခဲ့ခြင်းကပင် ဂျာဗီယာ၏ ဘဝကို ဒုက္ခနွံတွင်းသို့ သက်ဆင်းစေရန် ဖန်တီးခဲ့လေသည်။

အလုပ်ကြိုးစားပြီး ငွေကြေးစုဆောင်းကာတစ်လပြီးတစ်လ မိဘများထံငွေပို့ရန်သာ စိတ်စောနေသော ဂျာဗီယာသည် ၂၀၀၄ ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် သူမျှော်လင့်မထားသော ကံကြမ္မာဆိုးက အေးချမ်းသာယာ အဆင်ပြေစပြုနေသော သူ၏ ဘဝကလေးကို အတိုင်းအဆမရှိ ဝင်ရောက်မွှေနှောက်ဖျက်ဆီးပစ်ခဲ့သည်။ သူ မကျူးလွန်ခဲ့သော ပြစ်မှုအတွက် သူ့မှာ သောကပင်လယ်ဝေကာ ဖြေမဆည်နိုင်အောင် ခံစားခဲ့ရသည်။ ထိုနေ့တွင် သူ့ကို အစိုးရရှေ့နေတစ်ဦးဖြစ်သည့် မိုနီကာဗွန်ဘော်ရီယက်စ်ကို သေစေခဲ့သည့် ကားဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သည်ဟုမသင်္ကာသဖြင့်ဖမ်းဆီးခဲ့သည်။ မာကိုဒီယိုဒါတို ခေါင်းဆောင်သော အကြမ်းဖက်အဖွဲ့ဝင်ဟု မသင်္ကာသူအဖြစ်လည်း စွပ်စွဲခံရပြန်သည်။ ဂျာဗီယာသည် ထောင်တွင်း၌ ၁၈လတာချုပ်နှောင်မှုကို ခံခဲ့ရပြီး လွတ်မြောက်ခဲ့ ပြန်သော်လည်း ငါးလတာမျှ သူနေထိုင်ရာအိမ်တွင် အကျယ်ချုပ် အချုပ်ခံခဲ့ရပြန်သည်။ ထို့နောက် ယင်းအမှုမပြီးပြတ်သေးမီ ဘိုလီးဗီးယားနိုင်ငံမှ ထွက်ခွာခွင့်မပြုပြန်သဖြင့် ယင်းနိုင်ငံတွင် ဆက်မနေလိုတော့သော်လည်း ဆက်လက်နေထိုင်ခဲ့ရပြန်သည်။

ကွင်းလုံးကျွတ်လွတ်ခဲ့

သို့သော်လည်း ဂျာဗီယာသည် ကံတရား၏ ဖေးမမှုကြောင့် ယင်းအမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့ရသည်။ ထိုသို့လွတ်ခဲ့ရခြင်းမှာ ၂၀၀၆ခုနှစ်က တရားရုံးက ဂျာဗီယာတွင် ပြစ်မှုထင်ရှားကြောင်း သက်သေအထောက်အထား တစ်စုံတစ်ရာ မတွေ့ခဲ့ရသည့်အပြင် ၂၀၀၇ခုနှစ် ဩဂုတ်လ အတွင်းက ဆန်ဒရိုဒီကာလ်ဗယ်ဟိုက ယင်းအမှုနှင့် ပတ်သက်၍ ၎င်းတွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သောကြောင့် ဖြစ်သည်။ ဘိုလီးဗီးယားတွင် အလုပ်ဆက်လုပ်လိုစိတ် မရှိတော့သော ဂျာဗီယာသည် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် လေယာဉ်ဖြင့် မက်ဒရစ်မြို့သို့ ပြန်လာခဲ့ရာ လေဆိပ်တွင် မိဘများနှင့် အစ်ကိုနှစ်ဦးက လာရောက် ကြိုဆိုခဲ့ကြပြီး ဇာတိမြို့ ဆီဗီလာသို့ ပြန်ခဲ့တော့သည်။ ဂျာဗီယာသည် ယခုအခါ မိဘများနှင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။

ဘဝသံသရာခရီးကို ဖြတ်သန်းနေကြရသော လူသားအားလုံးသည် အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ဟူသော စကားကို သတိအမြဲပြုသင့်ပြီး မိမိ ပေါင်းသင်းသော မိတ်ဆွေ၏ ဇာတိ၊ ဇာစ်မြစ်နှင့် စိတ်နေစိတ်ထားကို လေ့လာ ပေါင်းသင်း နေထိုင်သင့်ပါကြောင်း၊ ရှေးကြမ္မာဝိပါက် နှိပ်စက်ခြင်းကို ခံခဲ့ရသော ဂျာဗီယာ၏ ဖြစ်ရပ်ကို သင်ခန်းစာယူစရာအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

မိဘနှစ်ပါးကို မတောင့်မတ မကြောင့်မကြ နေထိုင်နိုင်စေရန် အတွက် အလုပ်လုပ် စီးပွားရှာချင်သော ဂျာဗီယာသည် မိဘများနှင့် မခွဲခွာ လိုသော်လည်း . . . .

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့်ချစ်စိုးနိုင်

ဘဝဒဿနအမြင်

- *A faithful friend is the medicine of life.*
  သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်ဟာ ဘဝရဲ့ ဆေးတစ်ပါးပါပဲ။
  အီစွပ်ပုံပြင်

- *All we have to decide is what to do with the time that is given to us.*
  ပေးလာသောအချိန်ကို မည်သို့အကျိုးရှိအောင် အသုံးချရမည်ဆိုသည်ကို အားလုံးဆုံးဖြတ်ရမည် ဖြစ်သည်။
  ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ်စာရေးဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျားဗားပြည်နယ် ဘင်ဒွန်မြို့၌ ဖေဖော်ဝါရီ ၁၀ရက်က ကျောက်တုံးများဖြင့်ပြုလုပ်ထားသော အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ၁၀ဦးသေဆုံးခဲ့သည်။**

■ တရုတ်နိုင်ငံအနောက်တောင်ပိုင်း တွန်ဇီခရိုင်တွင် ဖေဖော်ဝါရီ ၁၀ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်လွန်ပြီး လမ်းဘေးထိုးကျခဲ့ရာ ကိုးဦးပွဲချင်းပြီး သေဆုံးခဲ့သည်။

❒ **ပါကစ္စတန်နိုင်ငံမြောက်ပိုင်း စကာဒူမြို့၌ ဖေဖော်ဝါရီ၁၀ ရက်က အိမ်တစ်အိမ်၏ ခေါင်မိုးပြိုကျခဲ့ရာ ၎င်းအိမ်မှ မိသားစုနှစ်ဦးလုံး သေဆုံးသွားသည်။**

■ ကိုလံဘီယာနိုင်ငံတောင်ပိုင်း တောင်တန်းထူထပ်ရာအရပ်၌ ဖေဖော်ဝါရီ ၉ရက်က စစ်ဘက်ထောက်ပို့လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ကိုလံဘီယာ တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့သည်။

❒ **တရုတ်နိုင်ငံ ဟူဘေပြည်နယ်အလယ်ပိုင်း စင်တိုမြို့၌ ဖေဖော်ဝါရီ ၁၀ရက်က မော်တော်ယာဉ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြောင်း အတွင်းထိုးကျခဲ့ရာ ငါးဦးပွဲချင်းပြီး သေဆုံးခဲ့သည်။**

■ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့တောင်ဘက် မိုင်၂၅၀ခန့်အကွာ ရာမူရွာ၌ဖေဖော်ဝါရီ၉ရက်က တောရိုင်းဆင်များ ရွာအတွင်းဝင်ရောက် သောင်းကျန်းမှုကြောင့် ရွာသားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ နေအိမ်လေးလုံး ပျက်စီးခဲ့သည်။

❒ **တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဖေဖော်ဝါရီ ၁၀ရက်က ရှေးဟောင်း သစ်သားအဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့ရာ ပျက်စီးဆုံးရှုံးမှု အများအပြား ဖြစ်ပေါ်ခဲ့သည်။** (အပေါ်ပုံ)

■ တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ဟန်ရှန်တောင်မှ ရေတံခွန်သည် အအေးဓာတ်လွန်ကဲမှုကြောင့် ရေများအားလုံး ရေခဲဖြစ်သွားခဲ့သည်။

ဘဝအမောပြေ

ကလေးဆန္ဒ...

မူကြိုကျောင်းသို့ ပထမဆုံးနေ့အဖြစ် ကျောင်းလာတက်သော ကလေးငယ်တစ်ဦးအား မူကြိုဆရာမက မေးမြန်းလေသည်။

ဆရာမ	–	သားနာမည်လေး ပြောပါဦး။
ကလေးငယ်	–	ကျော်နီပါ။
ဆရာမ	–	ဟုတ်ပြီ၊ သားအရုပ်ဆွဲချင်လား။
ကလေးငယ်	–	မဆွဲချင်ဘူး။
ဆရာမ	–	ဆရာမသီချင်းဆိုပြမယ်။
ကလေးငယ်	–	နားမထောင်ချင်ဘူး။
ဆရာမ	–	ကဲ .... သားလုပ်ချင်တာ ပြောပါဦး။
ကလေးငယ်	–	အိမ်ပြန်မယ်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဆမိုအာနိုင်ငံ

သတင်းအက်ဆေး

တိုး-ရေးသားသည်

ဆမိုအာနိုင်ငံသည် တောင်ပစိဖိတ်သမုဒ္ဒရာဒေသတွင် တည်ရှိပြီး ၁၉၉၇ခုနှစ်အထိ အနောက်ဆမိုအာနိုင်ငံဟု ခေါ်ဝေါ်ခဲ့သည်။ ဆမိုအာကျွန်းနိုင်ငံကိုမီးတောင်ကျွန်းကိုးကျွန်းဖြင့် စုစည်းတည်ထောင်ထားသည်။ ၎င်းတို့အနက် ဆာဗေအိကျွန်းနှင့် အူပိုလုကျွန်း နှစ်ကျွန်းပေါင်းသည် နိုင်ငံပိုင်နက်နယ်မြေ၏ ၉၉ ရာခိုင်နှုန်း ကျယ်ဝန်းသည်။

ဆက်ဆံရေး တင်းမာ

၁၉၆၁ခုနှစ်တွင် လွတ်လပ်ရေးအတွက် ပြည်သူတို့ ဆန္ဒမဲပေးသည်အထိ ဤနိုင်ငံကို နယူးဇီလန်နိုင်ငံက အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဤနိုင်ငံ (ထိုစဉ်က အနောက်ဆမိုအာ) လွတ်လပ်ရေးရရှိသည်။ ပစိဖိတ်ဒေသကျွန်းနိုင်ငံတစ်ခုအနေဖြင့် ပထမဆုံး လွတ်လပ်ရေး ရရှိခြင်းဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် အနောက် ဆမိုအာကို "ဆမိုအာ"နိုင်ငံဟု အမည်ပြောင်းလိုက်သောအခါ အမေရိကန် ဆမိုအာနှင့် ဆက်ဆံရေး တင်းမာစေသည်။

ရှာဖွေတွေ့ရှိ

ဆမိုအာကျွန်းနိုင်ငံကို ပထမဆုံး ရှာဖွေတွေ့ရှိသည့် ဥရောပတိုက်သားမှာ ဒတ်ချ်ရေကြောင်းထိန်း ဂျက်ကော့ရော့ဂက်ဗင်းဖြစ်ပြီး ၁၇၂၂ခုနှစ်တွင် စတင်တွေ့ရှိသည်။ ၁၈၃၀ပြည့်နှစ်တွင် လန်ဒန်မစ်ရှင်အဖွဲ့ ဆမိုအာသို့ ရောက်လာသည်။

၁၈၉၉ခုနှစ်တွင် ဂျာမနီက အနောက်ဆမိုအာ(ယခုဆမိုအာနိုင်ငံ)ကို သိမ်းယူပြီး အမေရိကန်က အရှေ့ဆမိုအာ (အမေရိကန်ဆမိုအာ)ကို သိမ်းသည်။ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်တို့ သဘောတူညီနိုင်းအပြီးတွင် ဗြိတိန်က ရုပ်သိမ်းသွားသည်။

ဆက်လက်အုပ်ချုပ်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်းက အနောက်ဆမိုအာကိုနယူးဇီလန်က သိမ်းပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်တိုင် ဆက်လက်အုပ်ချုပ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင် အနောက်ဆမိုအာတွင် အမေရိကန်တပ်များ လာချထားသည်။ သို့သော် တိုက်ပွဲမဖြစ်ပေ။

လွတ်လပ်ရေးရကာ နိုင်ငံအမည်ပြောင်းပြီးနောက် ၂၀၀၁ခုနှစ် မတ်လအတွင်း ရွေးကောက်ပွဲကျင်းပသည်။ ဝန်ကြီးချုပ်တူလာအေပါ ဆေလီလီမာလိုင်းလက်ဂိုင်းအား ဒုတိယသက်တမ်းအတွက် ထပ်မံ ရွေးချယ်တင်မြှောက်သည်။ သူ၏ လူ့အခွင့်အရေးကာကွယ်ရေးပါတီ(အိတ်ချ်အာရ်ပီပီ)က အမတ်နေရာ ၄၇နေရာရှိသည့် ပါလီမန်တွင် အမတ်၂၈နေရာရရှိသည်။ ၂၀၀၆ခုနှစ် ဧပြီလတွင် ဝန်ကြီးချုပ်တူလာအေပါ၏ အာဏာရပါတီ အိတ်ချ်အာရ်ပီပီပင် ပါလီမန် ရွေးကောက်ပွဲ၌ အနိုင်ရသည်။

ရာသက်ပန်ဘုရင်

၁၉၆၂ခုနှစ်တွင် လွတ်လပ်ရေးရချိန်မှစ၍ ရာသက်ပန်ဘုရင်အဖြစ် ခန့်အပ်ခံရသူ ဘုရင် မလိုက်တိုအာတာနူမာဖီလီသည် နန်းသက် ၄၅နှစ်၊ သက်တော် ၉၄နှစ်အရောက် ၂၀၀၇ခုနှစ် မေလတွင် နတ်ရွာစံသည်။

ဆမိုအာနိုင်ငံ

မီးတောင်ကျွန်း ကိုးကျွန်းဖြင့် စုစည်းတည်ထောင် ထားသော ဆမိုအာနိုင်ငံ၏ တည်နေရာပြမြေပုံ။

နန်းသက်အရှည်ဆုံးဘုရင်

ထိုင်းဘုရင် ဘူမိဘော အဒူယာဒက်၊ ဗြိတိန်ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘက်တို့ ပြီးလျှင် ဆမိုအာဘုရင် မလိုက်တိုအာတာနူမာဖီလီသည်ကမ္ဘာပေါ်၌ နန်းသက်တတိယ အရှည်ဆုံးဘုရင်ဖြစ်သည်။

လူဦးရေ ၁၈၂၀၀၀ရှိသည့် ဆမိုအာနိုင်ငံတွင် အများစုသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ဆမိုအာကျေးရွာအများအပြားမှာ ညနေပိုင်းတွင် အပြင်မထွက်ဘဲ အနည်းဆုံး မိနစ် ၂၀ကြာ ဘုရားဝတ်ပြု ဆုတောင်းကြသည်မှာ စံနမူနာ တစ်ခုပင်ဖြစ်သည်။

နိုင်ငံတော် စီးပွားရေးမှာ ငါးဖမ်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးကို အဓိကမှီခိုရသည်။သို့သော်ဆိုင်ကလုန်းမုန်တိုင်းနှင့် ရောဂါဘယ ရိုက်ခတ်မှုဒဏ်ကို မကြာခဏခံကြရသည်။

ဝန်ဆောင်မှုကဏ္ဍ

အခြားသော နည်းလမ်းဖြင့် ဝင်ငွေရရန် စီးပွားရေး ပွင့်လန်းလျက်ရှိသည်ဟု ဆိုရမည်။ ကျွန်းများ၏ သဘာဝပသာဒဆွဲဆောင်မှုများ၊ သာယာသည့် ပင်လယ်ကမ်းခြေများက ခရီးသွား လုပ်ငန်းအတွက် တစ်ပန်းသာလျက်ရှိနေသည်။ နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော ဘဏ်လုပ်ငန်းက ဝန်ဆောင်မှုကဏ္ဍ တိုးချဲ့ရေးကို တွန်းအားပေးလျက်ရှိသည်။

သို့သော်လည်း ဆမိုအာလူငယ်အများအပြားသည် နယူးဇီလန်၊ အမေရိကန်စသည့်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပြီး အမိနိုင်ငံသို့ ငွေပြန်ပို့နေကြသည်။ ယင်းလုပ်ငန်းသည်ပင်လျှင် ဆမိုအာနိုင်ငံ၏ ဝင်ငွေရပေါက်တစ်ခု ဖြစ်နေပေသည်။ ။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၁-၂-၂၀၀၈

ဖန်လုံအိမ်အာနိသင်လျှော့ချရေး ရုရှားနှင့် ဂျပန်သဘောတူညီ

ရုရှားနှင့် ဂျပန်တို့အနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုဖြစ်ပေါ်စေသည့် အချက်များကို ပူးတွဲတိုက်ဖျက်သွားကြရန် သဘောတူညီလိုက်ကြသည်။

ဂျပန်သည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှု၌ ငါးနိုင်ငံမြောက် အကြီးမားဆုံးနိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည်လည်း ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုများသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ဖန်လုံအိမ်အာနိသင်လျှော့ချရေးကို ပူးတွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိရာ ယခုအခါ နောက်ထပ် ခရိုင်တစ်ခုသို့ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိရာ ယခုအခါ ခရိုင်ပေါင်း ၄၀ အထိရှိနေပြီဖြစ်သည်။

ဆိုမာလီရှိ ကုလသမဂ္ဂအခြေစိုက်ရုံး တိုက်ခိုက်ခံရ

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ကုလသမဂ္ဂအခြေစိုက်ရုံးတစ်ရုံး တိုက်ခိုက်ခံရကြောင်း မိုဂါဒစ်ရှူးမြို့မှ ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်န်ဒီပီ)ရုံးကို လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ထိခိုက်မှုများမရှိကြောင်း၊ မိုဂါဒစ်ရှူး ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်၌ စစ်ရေးဆောင်ရွက်မှု မလုံလောက်

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့၏ ခုခံတိုက်ခိုက်မှုများတိုးမြင့်လာသဖြင့် လက်ရှိစစ်ရေးဆောင်ရွက်မှုများနှင့် မလုံလောက်တော့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဟာဗီမိုရင်က ပြောကြားသည်။

ထို့အပြင် အာဖဂန်နစ္စတန်နိုင်ငံ၌ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုများရရှိအောင် ဆောင်ရွက်ရာတွင် စစ်ရေးအရ အရေးယူဆောင်ရွက်မှုတစ်ခုတည်းဖြင့် မရနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်ရှိ ဆီးနှင်းကျဆင်းခဲ့သည့်ပြည်နယ်များ ပုံမှန်ဆက်သွယ်ရေး ပြန်လည်စတင်

တရုတ်နိုင်ငံရှိ ဆီးနှင်းများကျဆင်းမှုဒဏ်ကို တွေ့နေရသောဒေသများ၌ ပုံမှန်မော်တော်ယာဉ်ပြေးဆွဲမှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ကွမ်တုန်၊ ဟူနန်နှင့် အခြားပြည်နယ်များတွင် ဆီးနှင်းကျဆင်းနေမှု လျော့နည်းကျဆင်းသွားခဲ့သဖြင့် ဆက်သွယ်သွားလာရေးများ ပုံမှန်ဖြစ်ခဲ့ပြီဟု တရုတ်အရာရှိများက ပြောကြားသည်။

ဒူဘိုင်းမှ ကိတ်တောင်းသို့ လေကြောင်းခရီးစဉ်သစ်စမည်

ဒူဘိုင်းအခြေစိုက် စော်ဘွားလေကြောင်းက တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့သို့ လေကြောင်းခရီးစဉ်သစ်တစ်ခု စတင်ပြေးဆွဲမည်ဖြစ်ကြောင်း စော်ဘွားလေကြောင်းလိုင်းမှ အရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းခရီးစဉ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရှိ ဒူဘိုင်းမြို့မှ ကိတ်တောင်းမြို့သို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည် ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းသည် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇ဒေါ်လာ၌ တန့်နေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် အာရှနှင့် ဥရောပနိုင်ငံများ၏ ဝယ်လိုအား ပြန်ကောင်းလာမှုကြောင့် ဈေးနှုန်းတက်ရိပ်ရှိနိုင်ကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

ဒါဖာဒေသသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်မည်

ဆူဒန်နိုင်ငံ ဒါဖာဒေသသို့ ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များစေလွှတ်ရန် ဆူဒန်အစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

ဒါဖာဒေသသို့စေလွှတ်မည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် အင်အားမှာ ၂၆၀၀၀ ရှိမည်ဖြစ်ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။

ကင်ညာ၌ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများ၏ အကျိုးဆက် စားကုန်များဈေးတက်၊ လူဦးရေသန်းဝက်ခန့် အလုပ်လက်မဲ့ဖြစ်ရ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၁

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အငြင်းပွားမှု ဖြစ်ပွားခဲ့၍ နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းအကျိုးဆက်ကြောင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်ခြင်း၊ ခရီးသွားလုပ်ငန်းများ ထိခိုက်ခြင်းနှင့် အလုပ်အကိုင်များ ဆုံးရှုံးခြင်း ဖြစ်ပေါ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဈေးတက်

အကြမ်းဖက်မှုများဖြစ်ပွား၍ အခြေခံစားကုန်များဖြစ်သည့် ကြက်သွန်ဖြူ၊ အာလူး၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး **(ယာပုံ)**စသော ကုန်ပစ္စည်းများ ဈေးတက်သွားသည်။

အကြမ်းဖက်မှုကြောင့် ခရီးသွားဧည့်သည်များ လာရောက်မှု နည်းပါးကာ လစဉ်ဝင်ငွေကျဆင်းခဲ့ရကြောင်း၊ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမား ရှစ်သောင်းခန့် အလုပ်လက်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ထွက်ပြေးကြရ

ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အတိုက်အခံခေါင်းဆောင် အိုဒင်ဂါနှင့် သမ္မတကီဘာကီတို့ အငြင်းပွားမှု ဆိုးရွားလာကာ အကြမ်းဖက်ခြင်းတို့ကြောင့် ပြည်သူ ၁၀၀၀ခန့် သေဆုံးရပြီး ၂၅၀၀၀၀ခန့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း သတင်းတွင် ဖော်ပြသည်။



ထိခိုက်

ကင်ညာနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းတစ်ရပ်ဖြစ်သည့် ပန်းမန်တင်ပို့မှုမှာလည်း ခရီးသွားလုပ်ငန်းကို မှီခိုနေရသဖြင့် အကြီးအကျယ်စီးပွားရေး ထိခိုက်ခဲ့သည်။

ဆုံးရှုံးခဲ့

သီတင်းပတ်ကာလအတန်ကြာ အကြမ်းဖက်မှုများဖြစ်ပွားနေ၍ စီးပွားရေးအရ ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၃ဒသမ၆ဘီလီယံဖိုးရှိကြောင်း၊ လူဦးရေသန်းဝက်ခန့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်၌ ၂၀၀၇ ခုနှစ်အတွင်း အဓိက ရွှေတွင်းငါးခု တွေ့ရှိခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၁

တရုတ်နိုင်ငံ၏ရွှေထုတ်လုပ်ရေး ကြီးပမ်းမှုကြောင့် ၂၀၀၇ ခုနှစ်အတွင်း အဓိကရွှေသတ္တုတွင်း ငါးခုတွေ့ရှိခဲ့ကြောင်း တရုတ်ဘူမိဗေဒဆိုင်ရာ လေ့လာရေးအဖွဲ့ (စီဂျီအက်စ်)က ဖေဖော်ဝါရီ ၈ရက်တွင် ကြေညာသည်။

အဆိုပါ ရွှေသတ္တုတွင်းငါးခုတွင် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဂန်ဒိုက်ရှိ ကြေး-ရွှေသတ္တုတွင်း၊ ကျန်ဟိုင်းပြည်နယ်ရှိ ဒါချန်ရွှေသတ္တုတွင်း၊ ဂန်ဆုပြည်နယ် တောင်ပိုင်းရှိ ရန်ရှန်ရွှေသတ္တုတွင်း၊ ရှန်ဒေါင်းပြည်နယ်ရှိ စီကျူရန် ရွှေသတ္တုတွင်းနှင့် ဟိုင်နန်ပြည်နယ်ရှိ ဘော်လွန်းရွှေသတ္တုတွင်းတို့ ပါဝင်ကြောင်း စီဂျီအက်စ်က ပြောကြားသည်။

ပြောကြား

ယင်းရွှေသတ္တုတွင်း ငါးခုမှ စုစုပေါင်း ရွှေတန်ချိန် ၆၀၀ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ထပ်မံထွက်ရှိရန် အလားအလာများစွာ ရှိနေဆဲဖြစ်ကြောင်း စီဂျီအက်စ်က ဆက်လက်ပြောကြားသည်။

ထုတ်လုပ်နိုင်

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းကျွန်းဆွယ်သည် တရုတ်နိုင်ငံ၏ ရွှေအဓိက ထုတ်လုပ်ရာဒေသဖြစ်ပြီး ယခုအထိ အရန်ရွှေတန်ချိန် ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။

လွှဲပြောင်းရယူ

၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရွှေတန်ချိန် ၂၇၀ ဒသမ ၄၉၁ တန် ထုတ်လုပ်ပြီး ကမ္ဘာ့ရွှေအများဆုံး ထုတ်လုပ်သည့် နိုင်ငံအဖြစ် အမေရိကန်နိုင်ငံထံမှ လွှဲပြောင်းရယူလိုက်သည်။

အများဆုံးထုတ်လုပ်

တောင်အာဖရိကနိုင်ငံသည် ၂၀၀၇ ခုနှစ်အတွင်း ရွှေတန်ချိန် ၂၇၂ တန်အထိသာ အများဆုံး ထုတ်လုပ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရွှေဝယ်ယူသုံးစွဲမှုမှာ ကမ္ဘာ့ရွှေသုံးစွဲမှု၏ ၉ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း တရားဝင်စာရင်းဇယားများက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်နယ်သုံးခု အကြိုရွေးကောက်ပွဲ အိုဘားမားအနိုင်ရရှိ ပြိုင်ပွဲမှထွက်ပေးရန် ဟတ်ကာဘီးနှင့်ဂျွန်ပေါလ် ဖိအားပေးခံရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

ဒီမိုကရက်တစ်ပါတီမှ အီလီနွိုက် ပြည်နယ်အထက်လွှတ်တော်အမတ် အိုဘားမား (အောက်ပုံ**)သည် ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည့် လူဝီစီယားနား၊ နီကရာစကား၊ ဝါရှင်တန်ပြည်နယ်နှင့် အမေရိကန် ဗားဂျင်းကျွန်းစုများ၌ ကျင်းပသော အကြိုရွေးကောက်ပွဲများတွင် အနိုင်ရရှိလိုက်သဖြင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းနေရာအတွက် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် ဆက်လက်ယှဉ်ပြိုင်ရဦးမည် ဖြစ်သည်။**

အနိုင်ယူ

ရီပတ်ဘလီကင်ပါတီမှ ရှေ့ဆောင်ပြေးနေသူ ဂျွန်မက်ကိန်းကို လူဝီစီယားနားနှင့် ကင်းဆပ်ပြည်နယ်တို့တွင် မိုက်ဟတ်ကာဘီးက ဖြတ်ကျော် အနိုင်ရလိုက်သည်။ မက်ကိန်းသည် ဝါရှင်တန် ပြည်နယ်တွင် အနိုင်ယူလိုက်သည်။

ဖိအားပေး

ရီပတ်ဘလီကင် ပါတီတွင် ညီညွတ်ရေးအတွက် ဟတ်ကာဘီးနှင့် တတိယနေရာမှ လိုက်နေသူ ဂျွန်ပေါလ်တို့အား ပြိုင်ပွဲမှ ထွက်ကြရန် ဖိအားပေးကြသည်။

ထုတ်ဖော်

သို့သော် မစ္စတာ ဟတ်ကာဘီးကမူ သူ့အနေဖြင့် ပြိုင်ပွဲမှ ထွက်ရန် ရည်ရွယ်ချက်မရှိကြောင်း ဖေဖော်ဝါရီ ၉ ရက်က ထုတ်ဖော်ပြောကြားသည်။

ရရှိ

ယခုအချိန်အထိ ရေတွက်ရရှိသော ကိုယ်စားလှယ်ဦးရေမှာ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီက ၁၃ ပြည်နယ်မှ ကိုယ်စားလှယ် ၁၀၉၅ ဦး၊ အိုဘားမားက ၁၈ ပြည်နယ်မှ ကိုယ်စားလှယ် ၁၀၇၀ ရရှိသည်။

ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းက ၁၂ပြည်နယ်မှ ကိုယ်စားလှယ် ၇၁၉ ဦး၊ မိုက်ဟတ်ကာဘီးက ခုနစ် ပြည်နယ်မှ ကိုယ်စားလှယ် ၂၃၄ ဦး၊ ဂျွန်ပေါလ်က ပြည်နယ်အလိုက် အနိုင်မရှိဘဲ ကိုယ်စားလှယ် ၁၄ဦး အသီးသီး ရရှိသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားကပွဲရုံ ရုတ်ရုတ်သဲသဲဖြစ်မှု ဆယ်ကျော်သက် လူငယ် ၁၀ဦးသေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အနောက်ပိုင်း ရော့ခ်တေးဂီတ ကပွဲတစ်ရုံ၌ ဝရုန်းသုံးကားဖြစ်ပွားခဲ့ရာ လူ ၁၀ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ရက်တွင် ရဲအဖွဲ့က ပြောကြားခဲ့သည်။

ဖြစ်ပွားခဲ့

ဘန်ဒန်မြို့၌ ဖျော်ဖြေသော ယင်းရော့ခ်ဂီတဖျော်ဖြေပွဲကို ကြည့်ရှုလိုကြသော ရာပေါင်းများစွာသော ပရိသတ်များ လာရောက်ကြည့်ရှုကြစဉ် ဖေဖော်ဝါရီ ၉ရက်ညက အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ရဲအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

စစ်ဆေးမေးမြန်း

သေဆုံးသူ အများစုမှာ ဆယ်ကျော်သက်များဖြစ်သည်ဟု ဆိုသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ပွဲသွင်းသူ ၁၅ဦးကို စစ်ဆေးမေးမြန်းနေကြောင်း ယင်းမြို့ ရဲအကြီးအကဲ ဘမ်ဆန်ဆူပါဆိုနို၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာ အစိုးရသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အရက်များဝေခဲ့

မိမိတို့သည် ယခုကဲ့သို့ သေကျေမှုများဖြင့် အဆုံးမသတ်ခင်ကပင် ပွဲကန်ထရိုက်များလည်း အရက်များကို အလကားဝေခဲ့ကြောင်း သတင်းရရှိပြီးဖြစ်သည်ဟု ဆူပါဆိုနို၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြခဲ့ခြင်း ဖြစ်သည်။

ဖော်ပြထား

အင်ဒိုနီးရှားနိုင်ငံတွင် မကြာသေးမီနှစ်များက ကပွဲများတွင် ယင်းကဲ့သို့ ဖြစ်ပွားမှုကြောင့် လူအမြောက်အမြား သေဆုံးခဲ့သည်ကို တွေ့ရသည်ဟု သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆူဒန်အစိုးရတပ်များနှင့် သူပုန်များ တိုက်ပွဲဖြစ်ပွား ပြည်သူလေးထောင်ခန့် အိမ်နီးချင်း ချဒ်နိုင်ငံထဲထွက်ပြေးရ

ဒါဖာ ဖေဖော်ဝါရီ ၁၁

ဆူဒန်နိုင်ငံအနောက်ပိုင်းမှ အနည်းဆုံးလူပေါင်း ၄၀၀၀ခန့်သည် ဒါဖာကျေးရွာများ၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသဖြင့် အိမ်နီးချင်း ချဒ်နိုင်ငံအတွင်းသို့ ထွက်ပြေးလာကြောင်း ဖေဖော်ဝါရီ ၁၀ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ ယင်းတိုက်ပွဲများသည် ဒါဖာရှိ တရားမျှတရေး လှုပ်ရှားမှုအဖွဲ့မှ သူပုန်များကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဆူဒန်အစိုးရက ပြောကြားသည်။

ဒါဖာရှိ ကျေးရွာများကို သူပုန်များက ပစ်မှတ်ထား တိုက်ခိုက်နေသည်ဟု အစိုးရက စွပ်စွဲပြောကြားခြင်းကို ဒါဖာသူပုန်များက ငြင်းဆိုထားသည်။ အစိုးရတပ်များနှင့် သူပုန်များ ဒါဖာကျေးရွာများတွင် တိုက်ပွဲဖြစ်ပွားခဲ့၍ အနည်းဆုံးအရပ်သား ၂၀၀ခန့် သေဆုံးသွားကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဒါဖာ၌ တိုက်ပွဲများကြောင့် အနည်းဆုံး ပြည်သူနှစ်သန်းခန့် အိုးပစ်အိမ်ပစ် ထွက်ပြေးကြရသည်။ **(ဝဲပုံ)** အများစုမှာ ချဒ်နိုင်ငံအနောက်ပိုင်းသို့ ထွက်ပြေးလာကြသည်ဟု ဆိုသည်။

ဆူဒန်အစိုးရတပ်များသည် ဖေဖော်ဝါရီ ၈ရက်က ဒါဖာရှိ ဆာဘာ၊ ဆီလီယာနှင့်အဘူဆူရိုရွာများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။ လွန်ခဲ့သော ငါးနှစ်မှစပြီး ဆူဒန် အစိုးရတပ်များနှင့် သူပုန်အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာအနည်းဆုံး လူပေါင်း ၂၀၀၀၀၀ခန့် သေဆုံးခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်



နယ်စပ်ဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပန်ဆန်း(ပန်ခမ်း) မြို့၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုကို ဤသို့တွေ့နိုင်သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာ လက်လှမ်းတမီ သင်ယူနိုင်ရန် ဖွင့်လှစ်ပေးထားသည့် ပင်လုံတက္ကသိုလ် အဆောက်အအုံ။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် လွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တာချီလိတ်လေဆိပ်အဆောက်အအုံသစ်၏ ထည်ဝါခံ့ညားမှုမြင်ကွင်း....။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရထားလမ်းပိုင်း ဖွင့်လှစ်

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် မိုင်းစိတ်-ကောင်ဆိုင်း ရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံ တိုင်းရင်းသား ပြည်သူများ ဤသို့ ဝမ်းမြောက်ဝမ်းသာ တက်ရောက်ခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	[illegible]	၁၉၈၈	၂၀၀၇	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	-	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	-	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	-	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	-	[illegible]	[illegible]
၁၈	[illegible]	[illegible]	-	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သန်လျင် နတ်စင်တစ်ရာကျောင်းတိုက် မုခ်ဦးနှင့် တံတိုင်းရေစက်ချလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဒေဝဒဟာသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတ နတ်စင်တစ်ရာကျောင်းတိုက်၌ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် မုခ်ဦးနှင့် စတီးဝင်းခြံတံတိုင်း ဆောက်လုပ်ပြီးစီးခြင်းအတွက် ရေစက်ချအခမ်းအနားကို ဖေဖော်ဝါရီ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ဒေဝဒဟာသဗ္ဗသိဒ္ဓိ လောကနတ်ပရဟိတ နတ်စင်တစ်ရာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာတေဇထံမှ ငါးပါးသီလ ခံယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့ အင်းလျားလမ်းရှိ ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက်မှ နှစ်ဖက်သောမိဘများနှင့် ကျေးဇူးရှင် ဒေါ်သန်းနု(မန်နေဂျင်းဒါရိုက်တာ) အား ရည်စူး၍ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေးနှင့် မိသားစု၊ (ဦးမြင့်စိုး)-ဒေါ်အေးအေး(ရောင်ခြည်ဦးရွှေဆိုင်)မိသားစု၊ ဦးတင်မောင်အေး-ဒေါ်ကြူကြူ (နိုင်းစတားခေါက်ဆွဲလုပ်ငန်း) မိသားစုနှင့် အခြားအလှူရှင်များက စုပေါင်း လှူဒါန်းထားသည့် မုခ်ဦးနှင့် စတီးဝင်းခြံတံတိုင်းအတွက် ကုန်ကျငွေကျပ် ၂၅ သိန်းကို ပဓာနနာယက ဆရာတော်ထံ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

*** ရှေ့ဖုံးမှ**

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ လိုက်ပါ၍ ယနေ့ နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) ၂၅ ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် စည်ပင်လမ်းထောင့်၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဆောင်ရွက်ခဲ့သော ငမိုးရိပ်/ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ရေတွန်းစက်ရုံရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ငမိုးရိပ်/ဂျိုးဖြူရေပိုက်လိုင်းကို ဖွင့်လှစ်ပေးသည်။

ဖြန့်ဝေပေး

အဆိုပါ ငမိုးရိပ်/ဂျိုးဖြူရေပိုက်လိုင်းမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၁၈၊ ၁၉၊ ၂၄ နှင့် ၂၅ ရပ်ကွက်များရှိ အိမ်ထောင်စု ၆၀၇၂ ဦးတို့အား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှိ ဖြိုးစေတနာ အခမဲ့ ဆေးကုခန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုလမ်းမှ မောင်းမကန် ကမ်းသာ လမ်းအထိ ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းမှုလုပ်ငန်း၏ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမှတ် (၂) လမ်းမကြီးတစ်လျှောက်၌ ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ်အဝင် အရှည်ပေ ၁၀၄၀၀ ရှိ တော်ဝင်လမ်းမကြီး၌ စကြံ့များနှင့် ရေထွက်ပေါက်များ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံတက္ကသိုလ် စီမံအုပ်ချုပ်မှု အဆောက်အအုံသစ်ရှေ့၌ စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ တပင်ရွှေထီးလမ်းအား ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများတူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေတို့သည် ဖေဖော်ဝါရီ၃ ရက် နံနက်ပိုင်းက နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ စိတ္တသုခမ္မာရုံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ဆရာတော်၊ သံဃာတော်များအား ဆွမ်းခဲဖွယ် ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ် ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် စိတ္တသုခမ္မာရုံ၌ လုံးတော၊ သမန်းတော၊ ကန်နှောင်းကျေးရွာ သုံးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများအားလည်းကောင်း၊ မြင်းခြံခရိုင်နှင့် နွားထိုးကြီးနှင့် မြင်းခြံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ကျေးရွာ စည်းရုံးရေးမှူးများအား လည်းကောင်း တွေ့ဆုံအမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အားကစားပေါင်းစုံပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပညာရည်ချွန်ဆုပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် နဘူးအိုင် အထက်တန်းကျောင်းခွဲ ခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစု၏ ပထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ၊ ဆီမီးခုံ အထက်တန်းကျောင်း ဇရာနဒီခန်းမ၌ ကျင်းပသော ပထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲနှင့် ငါန်းမြာကြီးအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ် ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ကြသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ငါန်းမြာကြီး တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်း၊ ငါန်းမြာကြီးကျေးရွာ အမျိုးသမီးရေးရာအသင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ အတွက် ငွေကျပ်ငါးသောင်းစီနှင့် ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများ အတွက် ငွေကျပ်ငါးသောင်းနှင့် ဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ငါန်းမြာလျှပ်စစ် မြစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ငါန်းမြာလျှပ်စစ် မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ငါန်းမြာကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ အလှူငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရှင်ပင်တန့်ကျောင်း မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ အလှူတော်ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံကြက်တောင်ရိုက် အားကစားသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အခြေခံနည်းစနစ်မှန်ကန်ပြီး ကျွမ်းကျင်စွာကစားနိုင်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေးရည်ရွယ်၍ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံကြက်တောင်ရိုက်အားကစား သင်တန်းကို မတ် ၄ ရက်မှ မေ ၃၁ ရက်အထိ(သုံးလသင်တန်း) ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမှတ် ၃၂၀/၃၂၂ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမတွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

အဆိုပါ သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ် ဖုန်း-၂၂၁၄၉၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

သန့်-တည်-ပွားအဖွဲ့ သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား) အဖွဲ့သည် ကိုးရက် အဓိဋ္ဌာန်တရားစခန်းများကို ရန်ကုန်တိုင်း ငါးဆူတောင်ကျေးရွာ ငါးရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ၌ တစ်လလျှင် သုံးကြိမ် ဖွင့်လှစ်ပေးလျက်ရှိသည်။

ဆက်သွယ် စာရင်းပေးသွင်းနိုင်

သင်္ကြန် ကိုးရက် အဓိဋ္ဌာန်တရားစခန်းကို ယခုလာမည့် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ စခန်းဝင်ယောဂီဦးရေ ကန့်သတ်၍ ဖွင့်လှစ်မည်ဖြစ်ရာ ယင်း အဓိဋ္ဌာန်တရားစခန်းသို့ ဝင်ရောက်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃ သို့ ကြိုတင် ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၉ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့ရှိ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံ-တစ်၌ နေရာယူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်၊ အမှုဆောင် ဦးကိုကိုလေး၊ အမှုဆောင် ဦးချမ်းဟန်နှင့် International Beverages Trading Co., Ltd. မှ Design and Development Director ဦးတင်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ လက်ရည်စစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltd. ကဖြစ်ပြီး Co. Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine Purified Drinking Waterတို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Managment က တာဝန်ယူဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၆ ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ်စိန်တင်-ဒေါ်တင်စိန်(စိမ့်ပညာရေး)တို့က ဒေါ်တင်စိန်(စိမ့်ပညာရေး)၏ မွေးနေ့အထိမ်းအမှတ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အေးချမ်းအောင်မြင်စေတီတော် ထီးတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်နှင့် အကျိုးဆောင် အတွင်းရေးမှူး ဦးအောင်သန်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

အုံ့ဖွယ်ရှေးဟောင်းစေတီတော်ပြုပြင်မွမ်းမံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပဒုံးကျေးရွာ ဘုရားကုန်းကျေးရွာအုပ်စုရှိ ရှေးဟောင်းသုတေသန(၆၅) အုံ့ဖွယ်ရှေးဟောင်းစေတီတော်မှာ ယိုယွင်းပျက်စီးနေ၍ မြို့နယ်သံဃနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လက ဦးစီးနာယကပြုပြီး ရသေ့ကြီး ဦးတိဿနှင့်အဖွဲ့က ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည် ဖြစ်သည်။ **(ဓါတ်ပုံ)**

ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်မင်္ဂလာအခမ်းအနားကို မကြာမီကျင်းပမည်ဖြစ်ရာ စေတနာရှင်များ စေတီတော်အကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စာပေ၊ဂီတ၊ ရုပ်ရှင်၊ သဘင်၊ အားကစား၊ လူမှုရေးကဏ္ဍများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ၁၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိမင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

အခမ်းအနားသို့ အသင်းဝင်များ၊ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်နှင့် ရန်ကုန်ရောက် ခရမ်းသူ၊ ခရမ်းသားများ၏ သားသမီး ကျောင်းသူကျောင်းသားများ၊ ၂၀၀၆-၂၀၀၇ခုနှစ် နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ အားကစား၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ရရှိသူများ တက်ရောက်ကြရန်နှင့် မွန်းလွဲ ၁နာရီအရောက် ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (သတင်းစဉ်)

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးဇော်လွင်-ဒေါ်ခင်ဝင်းကြူ၊ သမီး နန်းမေဖူးဇော်၊ နန်းမေဖူးခင်၊ သား စိုင်းထက်ဝဏ္ဏဇော်လွင် မိသားစု နောင်ပိုအောင်ရွာ ဟုမ္မလင်းမြို့နယ် စစ်ကိုင်းတိုင်းက အလှူငွေကျပ် ငါးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါ မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော်ဘဒ္ဒန္တနန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

စိုက်ပျိုးမှု နည်းပညာများရရှိခြင်းတို့ကြောင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

ပိုင်းဝန်းထိန်းသိမ်း

ဥရုမြစ်ကူးတံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသအတွင်း ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စီမံခန့်ခွဲရေး စသောအကျိုးအမြတ်အသီးအပွင့်များ ရရှိခံစားလာနိုင်ကြတော့မည် ဖြစ်သည့်အတွက် ဥရု မြစ်ကူးတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုသွားနိုင်အောင် ဒေသခံပြည်သူများက ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တည်ရှိ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ယခုဖွင့်လှစ်မည့် ဥရုတံတားသည် ဟုမ္မလင်းမြို့နယ်အတွင်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင် ၁၈၆ မိုင်တွင်ရှိသည့် ဥရုမြစ်ပေါ်၌ တည်ရှိကြောင်း။

နန့်စလိန်တံတား

စစ်ကိုင်းတိုင်းအတွင်း၌ တည်ဆောက်ဆဲအနေဖြင့် နာဂတိုင်းရင်းသားများ၏ နယ်မြေနှင့် သွားလာမှုလွယ်ကူအောင် တည်ဆောက်နေသည့် နန့်စလိန်တံတားကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ်ကို လမ်းနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာပြည်အနှံ့ ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်နောက်ပိုင်း လမ်းမိုင်ပေါင်း ၅၅၅၉/၆ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ပိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အစိုးရက နိုင်ငံတော်အနှံ့အပြား ဒေသအားလုံး၌ စီးပွားရေးဖြစ်ထွန်းစေမည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတား၊ လေဆိပ်၊ ဆိပ်ကမ်းများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ပညာရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးအတွက် အခြေခံပညာမူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို ထိထိမိမိ အကျိုးရှိရှိအသုံးချပြီး မိမိအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဥရုတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးက ဥရုတံတား ကမွည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ဥရုတံတား၏ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်၊ သံကူကွန်ကရစ် တံတားအောက်ထည်၊ ဘေလီကြိုးတံတားဖြစ်ကာ အရှည်ပေ ၅၄၀ နှင့် ချဉ်းကပ်တံတား နှစ်ဖက်အရှည်ပေ ၅၅၀ ရှိ၍ စုစုပေါင်း တံတားအရှည်ပေ ၁၀၉၀ ဖြစ်ပြီး၊ ပင်မကြိုးတံတား ယာဉ်သွားလမ်းအကျယ် ၁၆ ပေ ၆ လက်မ၊ ချဉ်းကပ်တံတားတွင် ယာဉ်သွားလမ်းပေ ၂၀နှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၅တန် ဖြစ်သည်။

ဥရုတံတားမှာ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ အဓိကကျသည့် တံတားတစ်စင်းဖြစ်ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းက ထွက်ရှိသည့် ဆန်စပါး၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ပစ္စည်းများနှင့်တွင်းထွက် သယံဇာတများကို လုံခြုံချောမွေ့လျင်မြန်စွာသယ်ယူပို့ဆောင် ကုန်သွယ်နိုင်မည်ဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် ဆက်စပ်နေသော ရှမ်း၊ ကချင်နှင့် နာဂ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၉ ရက်က အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည် ပုသိမ်မြို့နှင့် မြောင်းမြမြို့များရှိ မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ လုပ်သားနားနေဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်နေရာများတွင် လုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်း-၁၀) (သတင်းစဉ်)

ဖောင်ပိတ်အားကစားသတင်းများ

- ***ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး စကော့တ်ဆင်ကလဲယားအား ချာလ်တန်အသင်းသို့ တစ်နှစ်အငှားစာချုပ်ဖြင့် သွားရောက်ကစားစေမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက သတင်းထုတ်ပြန်သည်။***
- *ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသေးအား တစ်ပတ်လုပ်ခပေါင် ၄၀၀၀၀ ဖြင့် စာချုပ်သက်တမ်းတိုးမြှင့် စာချုပ်မည်ဖြစ်သည်။*
- ***ချယ်လ်ဆီးအသင်းခေါင်းဆောင် တယ်ရီသည် ဒဏ်ရာသက်သာခဲ့ပြီဖြစ်၍ လာမည့်ပွဲစဉ်များ၌ ပြန်လည်ကစားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းမှ သတင်းထုတ်ပြန်သည်။***
- *နယူးကာဆယ်အသင်းနည်းပြ ကီဗင်ကီးဂန်းက တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား စာချုပ်သစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။*
- ***ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်သော စာရင်းအရ ဝဲလ်သာဝိတ်ချန်ပီယံ မေဝဲသာသည် ဝဲလ်သာဝိတ်တန်းတွင် လက်ဝှေ့ပွဲ ၃၉ပွဲထိုးသတ်ခဲ့ရာ သရေပွဲမရှိ၊ ရှုံးပွဲမရှိ နိုင်ပွဲအားလုံးရရှိခဲ့သော ထူးခြားသည့် လက်ဝှေ့သမားတစ်ဦးအဖြစ် မှတ်တမ်းတင်ခဲ့သည်။***
- *(၂၆)ကြိမ်မြောက် အာဖရိကဖလား ဗိုလ်လုပွဲ၌ အီဂျစ်နှင့် ကင်မရွန်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အီဂျစ်က တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အာဖရိကဖလားကို (၆)ကြိမ်မြောက် ဆွတ်ခူးရရှိသွားသည်။*
- ***အင်္ဂလန်နိုင်ငံ ရှက်ဖ်ဖီးမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၌ အသက် ၃၁နှစ်အရွယ်ရှိ ကီလလီဆိုသာဒမ်က ၆ဒသမ ၄၁မီတာခုန်ပြီး ဗိုလ်စွဲသွားသည်။***
- *ဩစတြေးလျ ဘောလုံးအသင်း၌ ပါဝင်ကစားခြင်းမှ နုတ်ထွက်ထားသော တိုက်စစ်မှူး ဗီဒူကာအား အသင်း၌ ပြန်လည်ကစားပေးရန် ဩစတြေးလျ ဘောလုံးအဖွဲ့ချုပ်က မေတ္တာရပ်ခံလိုက်သည်။* **ကိုးကား-အင်တာနက်**

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်အသင်း(ရန်ကုန်) ဓမ္မာရုံဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ရွေးချယ်

ယင်းအစည်းအဝေးတွင် ၂၀၀၈ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် အလုပ်အမှုဆောင်အသစ် ရွေးချယ် တင်မြှောက်ခြင်းတို့ကို တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

သို့ဖြစ်ရာ ကျောက်ဆည်အသင်း(ရန်ကုန်) အသင်းသူ အသင်းသားများထံသို့လည်း ဖိတ်စာနှင့် အမှုဆောင်အစီရင်ခံစာတို့ကို ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေး တက်ရောက်ကြရန်နှင့် အသင်းမဝင်ရသေးသူများလည်း တက်ရောက်ကြရန် ကျောက်ဆည်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၈ရက်တွင် မင်းကင်းမြို့နယ် မြင်းဦး အခြေခံပညာမူလတန်းကျောင်းနှင့် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စစ်ကိုင်းတိုင်း ပညာရေးမှူး၊ ကလေးမြို့နယ် ပညာရေးမှူး၊ အခြေခံပညာအထက်တန်းကျောင်းအုပ်များ၊ အလယ်တန်းကျောင်းအုပ်များ၊ အခြေခံပညာမူလတန်းကျောင်းအုပ်များ၊ အထက်တန်းပြဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသားသစ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံရေး၊ တက္ကသိုလ် အောင်ချက်မြင့်မားရေး စီမံချက်ပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ သင်ခန်းစာပြန်လှန်သင်ကြားမှု အပြည့်အဝဆောင်ရွက်ရေးတို့ကို မှာကြားပြီး**(အောက်ပုံ)** ဆရာ ဆရာမများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့သည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးမြို့ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာ အခြေခံမူနှင့် လုပ်ထုံးလုပ်နည်းများ၊ အခြေခံပညာရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဒေသတွင်း ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ပညာရည်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟိုင်းကြီးကျွန်း၌ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ဇန်နဝါရီ ၂၉ရက် ည၈နာရီက စာပေဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် လယ်တွင်းသားစောချစ်၊ ဖေမြင့်၊ ပုတီးကုန်း မောင်စိန်ဝင်း၊ ချစ်ဦးညိုတို့က စာပေရေးရာအဖြာဖြာများကို ဟောပြောကြပြီး ကျုံကူးတိုက်နယ်အတွင်း ကျေးရွာအုပ်စုများမှ စာချစ်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(ကြံခိုင်ဖွံ့ဖြိုးရေး)**

ဗဟန်း အလက(၂) နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၅ရက် နံနက် ၁၁နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်း ကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အလက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အလက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် ဦးစီးမှူး ဒေါ်အေးအေးဆင့်က ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် စာဖတ်ဝိုင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်၊ စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောပြီး စာဖတ်ဝိုင်းကျင်းပကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူမှုဖူလုံရေးစောင့်ရှောက်မှု အကာအကွယ်အပြည့်အဝပေး အလုပ်ရုံနှင့်အလုပ်သမားဥပဒေများ လိုက်နာဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်သည် ဖေဖော်ဝါရီ၈ရက်မှ၁၀ရက်အထိ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် မြောင်းမြမြို့တို့မှ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ကော်မတီရုံးများနှင့်လူမှုဖူလုံရေးအဖွဲ့ပိုင် ပုသိမ်မြို့ ဆေးခန်းနှင့် ထုံးဘိုဆေးခန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့အပြင် ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် ပုသိမ်မြို့နှင့်မြောင်းမြမြို့များရှိ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ လုပ်သားနားနေဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်နေရာများသို့ သွားရောက်၍ လုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ ထို့နောက် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီဝင်များ၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ အလုပ်ရှင်နှင့်အလုပ်သမားများအားတွေ့ဆုံ၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားမှတ်ပုံတင်ပြုလုပ်ရေး၊ လူမှုဖူလုံရေးစောင့်ရှောက်မှု အကာအကွယ်အပြည့်အဝ ဆောင်ရွက်ပေးရေး၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေများကို လိုက်နာဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာထေရ်စံကျောင်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ (လေးဒေါင့်ကန်) သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတွင် ဆောက်လုပ်ဆဲဖြစ်သော မဟာထေရ်စံကျောင်းတော်အတွက် တာမွေမြို့နယ် ကျောက်မြောင်း စိတ္တသုခလမ်း အမှတ် ၃၄/သုံးလွှာနေ ဒေါ်လှမြင့်မိသားစုတို့က ဒေါ်လှမြင့်၏ မွေးနေ့ကုသိုလ်အဖြစ် ငွေကျပ်သုံးသိန်းကို အရှင်ပညာသီဟာဘိဝံသ(ပဋ္ဌနိကာယ်)ထံတွင် တရားနာယူပြီး ရေစက်ချဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယင်းကျောင်းတိုက်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ နောက်ဆုံးတည်ထောင်သွားသော ကျောင်းတိုက်ဖြစ်ပြီး စစ်မှုထမ်းဟောင်း အငြိမ်းစားသက်ကြီးရွယ်အိုများအား စရိတ်ငြိမ်း အာဟာရလှူဒါန်းပြီး ဝိပဿနာတရားအားထုတ်စေသော ကျောင်းတိုက်ဖြစ်သည်။ ကုသိုလ်ရှင်များသည် ဖုန်း-၅၆၄၃၆၀၊ ၀၉-၅၁-၅၁၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဟောပြောပွဲနှင့် ပုံပြောပြိုင်ပွဲ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၄ရက်က ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ပုံပြောပြိုင်ပွဲကို (၁၆၈)ရပ်ကွက်ရှိ အလက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးသန်းမောင်က အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဆရာကြီး ဦးတင်ထွန်း၊ မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီတွဲဖက် အတွင်းရေးမှူး ဦးလှမြင့်(သူရိယစိုးလင်း)၊ ဦးစိုးညွန့် (ဇင်ယော်မာန်)နှင့် ဦးသန်းနိုင် (မြတ်သူစံဝါးခယ်မ) တို့က ဟောပြောကြသည်။

ထို့နောက် ပုံပြင်အပြောပြိုင်ပွဲ ကျင်းပပြီး ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ဒေါက်တာ တင်ညွန့် (ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာ ဦးစီးဌာန)-ဒေါ်ခင်ခင်ကြီး မိသားစုက ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ရတနာပစ္စည်းများ လှူဒါန်းရာ ဓမ္မဇောတိဝိပဿနာရိပ်သာမှ လက်ထောက်မန်နေဂျာ လက်ခံယူစဉ်။ (က-ပ)

မိတ္ထီလာဆရာတော် သစ္စာတရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျီကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ရိပ်သာဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရ အရှင်သူမြတ်သည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ဝါးရုံအုပ်စု အိုင်ကြီးလည်ရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၄၆၂)၏ နှစ်စဉ်တပို့တွဲလဆန်း ၉ရက်မှ ၁၅ရက်အထိကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်၏ နိဗ္ဗာန်သွားလမ်းပြ ဝိပဿနာစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် မိုးမခလမ်း အမှတ်(၅၁-အေ)နေ ဇနီး ဒေါ်အေးအေးမြင့်နှင့် သားသမီး၊ မြေးတစ်စုတို့က အနန္တောအနန္တ ငါးပါးဦးထိပ်ထားလျက် နှစ်ဖက်သော ဘိုးဘွား၊ မိဘများနှင့် ခင်ပွန်း ဦးညွန့်ကြည်(၁၅)နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်သိန်း၂၀တန်ဖိုးရှိ အဝတ်လျှော်စက်နှစ်လုံး၊ရေခဲသေတ္တာတစ်လုံး၊ အင်ဗာတာသုံးမီးလုံး၁၀လုံးတို့ကို လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာသင်ဆုများ ကြေညာ တစ်သက်တာစာပေဆုအတွက် စာရေးဆရာ ဒေါက်တာသော်ကောင်းအားရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် စာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ဖေဖော်ဝါရီ၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို သန်းအောင်(အညာမြေ)၏ ပန်းတစ်ခြင်းနှင့် ဈေးခင်းအလယ် ကဗျာများက လည်းကောင်း၊ ဒုတိယဆုကို အောင်သာဆန်း (သံတွဲ)၏ တေးသီငှက်၏ ထာဝရ မိုးကောင်းကင် ကဗျာစုက လည်းကောင်း၊ တတိယဆုကို မြေလတ်မင်းလွင်၏ မုဒိတာဖျန်းတဲ့ မြကျွန်းမြေ ကဗျာများကလည်းကောင်း ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို သိန်းသန်းဝင်း(မလှိုင်)၏ ပိုးမင်းစိမ်းဖြူပျံသန်းလေစေတော်မူက ရရှိသည်။

ဝတ္ထုတိုပေါင်းချုပ်

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ဒုတိယဆုကို ကျွန်းစဉ်မြေစောခက်၏ မိုးဦးလေနှင့်လျှောတော့သည်နှင့် အခြားဝတ္ထုတိုများက လည်းကောင်း၊ တတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ ပိုးကွန်ရက်နှင့် တူသောလက်များ ဝတ္ထုတိုပေါင်းချုပ်ကလည်းကောင်း ရရှိကြသည်။

ကျမ်းစာပေဆုတွင် ပထမဆုကို မောင်မောင်ညွန့် (မန်းတက္ကသိုလ်)၏ ရှေးခေတ်မြန်မာစာပေဆိုင်ရာ ကျမ်းများလေ့လာမှုက ရရှိသည်။

သုတေသန

သုတေသနစာပေဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ မြန်မာမှု အဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများက လည်းကောင်း၊ ဒုတိယဆုကို နီငြိမ်း(အညာတက္ကသိုလ်)၏ ကုန်းဘောင်ခေတ် (ပထမပိုင်း) ဂန္ထဝင်မြန်မာစာပေ မိတ်ဆက်ကလည်းကောင်း ရရှိကြသည်။

တစ်သက်တာ

ပခုက္ကူ ဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့သည် ၂၀၀၇ခုနှစ် တစ်သက်တာစာပေဆုအတွက် စာရေးဆရာကြီး ဒေါက်တာသော်ကောင်း (ဦးသော်ကောင်း)အား ရွေးချယ်လိုက်ကြောင်းသိရသည်။

ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆု

ပခုက္ကူ ဦးအုံးဖေ ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မစုဦးထက် (ဒုတိယနှစ်၊သဘင်)က လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ မောင်မင်းမင်းမြတ် (ပထမနှစ်၊ဂီတ)က လည်းကောင်း အသီးသီး ရရှိကြသည်။

၂၀၀၇ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို **မတ်လ၁ရက် (စနေနေ့) နံနက်၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ**၌ ကျင်းပမည်ဖြစ်သည်။

အမြန်ဆုံးဆက်သွယ်

ဆုရသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါက်တာဦးထင်အောင်အားရည်စူး၍ ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် ဥယျာဉ်လမ်းအမှတ်၄၀နေ ဇနီးဒေါ်သောင်းနွဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးသက်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ဖျာပုံမြို့ အမှတ်(၉)၊ ရပ်ကွက် ရတနာလမ်းနေ ဦးမောင်မောင်သန်း-ဒေါ်ကျင်တီ၊ ညီမ ဒေါ်ခင်လှမိသားစုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးမြသိန်းတို့ လက်ခံယူစဉ်။ (က-ပ)

အခြေခံကွန်ပျူတာသင်တန်း Level-I အမှတ်စဉ်(၅/၂၀၀၇)ဆင်းပွဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အခြေခံကွန်ပျူတာသင်တန်း Level-I အမှတ်စဉ်(၅/၂၀၀၇) ဆင်းပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် တတိယဆုရရှိသော ဒေါ်ဇင်မာထွန်း၊ ဒုတိယဆုရရှိသော ဒေါ်မြကြူခိုင်နှင့် ပထမဆုရရှိသော ဒေါ်အေးအေးငြိမ်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဦးကျော်ဝင်းထွန်းအားလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား ဦးဇော်ဝင်းအားလည်းကောင်း ချီးမြှင့်ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း၂၉ဦး တက်ရောက်ကြပြီး အခြေခံကွန်ပျူတာ ပညာရပ်များကို တစ်လတိတိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်အတွင်း အရှည် ၃၆၄၅ပေရှိ ပြည်သူထည့်ဝင်ငွေ ကျပ်၂၃၅သိန်းဖြင့် ဆောင်ရွက်ခဲ့သော အမက(၆)ကျောင်းလမ်း၊ ယုဇနလမ်း၊ မြတ်လေးနွယ်လမ်း၊ စကားဝါလမ်း၊ စပါယ် ၄ လမ်း၊ နွယ်နီလမ်းများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က အမက(၆)ကျောင်းလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၁၄)**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း HIV/AIDS ရောဂါအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပရာ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်း **(အပေါ်ပုံ)** တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စာရေးဆရာ မောင်ကျေးဇူးက လူငယ်တွေ လမ်းမမှားနှင့် မူးယစ်ဆေးဝါး အန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုက်ကျိုအောင်ကြီးက HIV/AIDS ရောဂါ အန္တရာယ်နှင့် ကာကွယ်ရေးနည်းလမ်းများနှင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ တာဝန်ရှိသူများက ရောဂါပြင်ပလက္ခဏာများအား တိုင်းရင်းဆေးဖြင့် ကုသခြင်း၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကို ဟောပြောကြကြောင်း သတင်းရရှိသည်။

(လူမှုဝန်ထမ်း)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ စာရင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသားကျောင်းသူများစာရင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းကို ထုတ်ပြန်ကြေညာထားသည်။

ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဝတ်ရည်နန္ဒာမောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်က ပထမ၊ မောင်မြတ်သူဟန် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်က ဒုတိယ၊ မအိမ့်ရတနာဦး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အင်းစိန်က တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မောင်ကြည်လှဝင်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်က ပထမ၊ မောင်ဇေယျာနွေနိုင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစ်ကြီးနားက ဒုတိယ၊ မောင်ဟေမာန်မင်းလွင်ဦး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အင်းစိန်က တတိယ၊ သင်္ချာဘာသာရပ်တွင် မအိအိမွန် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်က ပထမ၊ မဇင်မာဖြူ အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်း တောင်ကြီးက ဒုတိယ၊ မောင်ဆက်ပိုင်ဦး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံ(ရန်ကုန်)က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မောင်မောင်ခိုင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပြည်မြို့က ပထမ၊ ရူပဗေဒဘာသာရပ်တွင် မခင်မြတ်နိုးထွန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံ(ရန်ကုန်)က ပထမ၊ ဇီဝဗေဒဘာသာရပ် တွင် မဝတ်ရည်နန္ဒာမောင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ပုသိမ်က ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မယဉ်ဝေလှိုင်သူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မအေးအေးပြုံး အခြေခံပညာအထက်တန်းကျောင်း ဂန့်ဂေါက ပထမ၊ သမိုင်းဘာသာရပ်တွင် မအေးသီတာဝင်း အခြေခံပညာအထက်တန်းကျောင်း ကျုံပျော်က ပထမ၊ စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် မဖြူမာဦး ပြင်ပဖြေ (ကန်ကြီးထောင့်မြို့နယ်)က ပထမအသီးသီး ရရှိကြသည်။

တက္ကသိုလ်

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု ရရှိကြသည့် ၂၀၀၆ခုနှစ်အတွက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ မဥမ္မာမြင့် ရွှေဘိုဒီဂရီကောလိပ်၊ မောင်လွင်မော်ဦး မိုးညှင်းဒီဂရီကောလိပ်၊ မတိမ်သယ် ကလေးတက္ကသိုလ်နှင့် မသူရိန်ဝင့်ဝင့်ဟန် ဒဂုံတက္ကသိုလ်တို့ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်သတင်းပို့

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၅၄၈၅၄၀နှင့် ၅၄၁၂၈၃တို့သို့ အမြန်ဆက်သွယ်သတင်းပို့ရန်ဖြစ်ပြီး ဆုရရှိသူများအား **၂၀၀၈ခုနှစ် မတ်၁ရက်(စနေနေ့) နံနက်၉နာရီတွင် ပခုက္ကူမြို့၌** ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် စာဖတ်ဝိုင်း ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို ဇန်နဝါရီ၂၀ရက် နံနက်၁၀နာရီက (၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဖတ်ကြားဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ် စာစောင်တိုးပွားရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးထွန်းသိန်း၊ အဖွဲ့ဝင်(၂) ဦးအောင်ထွန်းနှင့် စာပေဝါသနာရှင် ဦးမျိုးသန့်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာဖွင့်ပွဲ

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာမတ် စံပြကျေးရွာဖွင့်ပွဲ၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်း ကျောင်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာ ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်တို့က စံပြကျေးရွာမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ကမာမတ်စံပြကျေးရွာ စပါးခွံ လောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးဗိုလ်ချုပ် ခင်မောင်မြင့်က ဓာတ်အားပေးစက်ကို Breakerနှိပ်၍ မောင်းနှင်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စပါးခွံ လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် လှိုင်သာယာစက်မှုဇုန် မြန်မာတီထွင်သူများ သမဝါယမလီမိတက်မှ တီထွင်ထုတ်လုပ်ထားသော 125 KVA အမျိုးအစား ထရန်စဖော်မာဖြစ်ပြီး အိမ်ထောင်စု ၁၁၆၆ စုနှင့် လမ်းမီးတိုင်များအား ဓာတ်အားပေး လျက်ရှိသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကမာမတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် အလှူရှင် ဦးဝင်းကြိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျောင်းခန်းမ၌ အလှူငွေပေးအပ်ပွဲနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင် ဦးဝင်းကြိုင် က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ထံလွှဲပြောင်းပေးအပ်၍ အလှူရှင် ဦးဖိုးပိန်က ကျုံးကျုံးကျ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

လက်ခံ

ဆက်လက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ကိုယ်စားလှယ်တစ်ဦးက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ တိုင်းကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က လက်ခံသည်။

အမှာစကားပြောကြား

ထို့နောက် အလှူရှင်များက ကျောင်းဆောင်သစ်အတွက် အလှူငွေနှင့် ကွန်ပျူတာအတွက် စုစုပေါင်း ငွေကျပ် ၅၃ သိန်းနှင့် ကျုံးကျုံးကျကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် ငွေကျပ် ၁၈သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဝန်ကြီးဗိုလ်ချုပ် ခင်မောင်မြင့်တို့က လက်ခံကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဖြည့်စွက်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးကန်တော်ကြီးဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ

မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီခွဲက မန္တလေးကန်တော်ကြီးဒေသတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆင္ဌမအကြိမ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေ၊ မန္တလေးကန်တော်ကြီးဒေသ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာမြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီးဒေသ လူထုအပန်းဖြေပန်းဥယျာဉ်အတွင်းသို့ ရောက်ရှိလာရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးသိန်းဌေးနှင့် ဌာနခွဲမှူးတို့က ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှု လုပ်ငန်းများနှင့် ပြီးစီးမှုအခြေ အနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အပန်းဖြေပန်းဥယျာဉ်အတွင်း အထိမ်းအမှတ်တံဆိပ် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာ ပညာပေးပြခန်းများ တည်ဆောက်နေမှု၊ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုး ကြီးထွားမှုအခြေအနေ၊ အဝင်မုခ်ဦး တည်ဆောက်နေမှု၊ အဝင်လမ်းမကြီး ဝဲယာ အရိပ်ရပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးနေမှုများ၊ စက်ယန္တရားများဖြင့် လမ်းပူပြင်ထိန်းသိမ်းနေမှုများနှင့် လူထုအပန်းဖြေ ကလေးကစားကွင်းများအတွင်း ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် မန္တလေးကန်တော်ကြီးပတ်လမ်းတစ်လျှောက် အရိပ်ရပင်၊ ပန်းအလှပင်များ ရှင်သန်မှုအခြေအနေနှင့် ကန်တော်ကြီးပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၁၃၃)**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မြို့မ(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးက ပဉ္စမတန်းမှ သတ္တမတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဖွဲ့ရန်နိုင်ကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၅၇)ကြိမ်မြောက်အဖြစ် (၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၇ ရက်မှ တပို့တွဲလဆန်း ၁၁ ရက်) ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ကြီးတွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ၁၄ ရက် ညတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်၊ ၁၅ ရက်နှင့် ၁၆ ရက်ညများတွင် ရန်ကုန်တိုင်း၊ မန္တလေးတိုင်းများမှ ခြင်းပညာရှင်များဖြင့် မြန်မာ့ရိုးရာခြင်းအလှခတ်ကစားခြင်း၊ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် စေတီတော်ကြီးရင်ပြင်တော်၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၁၀၈ ပါး၊ သီလရှင် ၃၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးအား အမှူးထား၍ ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းကြီးဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ သီရိမန္တဆရာတော်ကြီးမှူး၍ ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၃ ၊၁၄ ၊၁၅ ရက် (ဖေဖော်ဝါရီ၁၉၊၂၀၊၂၁ ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၇ရက်တွင် ပါဠိကာရီအရှင်အဂ္ဂိသ၊ ၁၈ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို သာသနာ့လင်္ကာရမဟာဓမ္မ ဗိမာန်တော်ကြီးသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဖေဖော်ဝါရီ၁၇ ရက်မှ ၂၄ ရက်အထိ သဲအင်းဂူ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်း ဖွင့်မည်ဖြစ်သည်။ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဥတ္တရ(လားရှိုး) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့) ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားနှင့်အတူ လာရောက် စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ(ဝါးခယ်မ)ဆရာတော်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကန်တော်ကလေး တောင်ပိုင်း ၉၁ လမ်း မင်္ဂလာတောင်ညွန့်၊ ၁၃ ရက်နှင့် ၁၄ ရက်တွင် နိဗ္ဗာန်ဓမ္မပုညတြိယ ဆွမ်းလောင်းအသင်း ပဲခူးမြို့၊ ၁၅ ရက်နှင့် ၁၆ ရက်တွင် ဦးကြီးတော် ကျေးရွာ ဝါးခယ်မ မြို့နယ်၊ ၁၇ ရက်နှင့် ၁၈ ရက်တွင် လောကမာရ်အောင်စေတီ ထီးတော်တင်ပွဲ ၁၄ ရပ်ကွက်ဖျာပုံမြို့၊ ၁၉ ရက်တွင် ဖဆပလစံပြရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၀ ရက်တွင် ရှမ်းလမ်းဓမ္မာရုံ စမ်းချောင်းမြို့နယ်၊ ၂၁ ရက်တွင် သကျမဟာ သီရိဘုရားကြီး ပူဇော်ပွဲ ဝါးခယ်မမြို့၊ ၂၂ ရက်တွင် ကိုမြင့်ဌေး-မသင်းသင်းအေးတို့၏ သားရှင်ပြုပွဲ စန်းကြီးအုပ်စု နတ်မှော် ဟသ်ာတမြို့နယ်၊ ၂၃ ရက်တွင် (၄)ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ ၂၄ ရက် နှင့် ၂၅ ရက်တွင် ကျိုက်ကသာ ပန်းတောကျောင်း ကျိုက်ထိုမြို့နယ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ တရားပွဲများ ပင့်လျှောက်လိုပါက ဖုန်း- ၀၁-၅၅၈၂၉၇ နှင့် ၀၉-၅၀၃၃၅၈၁ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆရာတော် ဦးသောဘဏ ဓမ္မဒူတခရီး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အမှတ် (၈၂) နတ်မောက်လမ်း ဗဟန်းမြို့နယ်၏ နာယကဆရာတော်ဗဟုဇနဟိတဓရ၊ပိဋကတ်တစ်ပုံအောင်ဘဒ္ဒန္တသောဘဏ (ရွှေမြင့်မိုရ်ကျောင်းတိုက်)သည် အမေရိကန်နိုင်ငံ မိုးကုတ်ဝိပဿနာအဖွဲ့ ခွဲ(၁)၊ (MIMC)၏ ပင့်ဖိတ်လျှောက်ထားချက်အရ အဖွဲ့ချုပ်အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၂ ရက်က ကပ္ပိယနှင့်အတူ အမေရိကန်နိုင်ငံသို့ ဓမ္မဒူတခရီး ကြွရောက်ရာ အဖွဲ့ချုပ်အမှုဆောင်လူကြီးများနှင့် တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြောင်း သိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ်အတွင်း ယာဉ်တိုက်မှုဖြစ်ပွား ခရီးသည် ကိုးဦးသေဆုံး၊ ၁၈ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ၂ နာရီ ၅၅မိနစ်ခန့်တွင် ယာဉ်မောင်း မောင်အေး အသက်(၄၅)နှစ် မောင်းနှင်သော ယာဉ်အမှတ် ၂က/၂၇၃၇ ဒိုင်နာ (အဖြူရောင်) (ငြိမ်းချမ်းရေး-၂၂၄လိုင်း) ယာဉ်သည် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်၍ အောင်ဇေယျတံတားအနီးအရောက်၌ တစ်ဖက်ယာဉ်ကြောမှ ယာဉ်မောင်း ဦးဟန်တိုး(စိစစ်ဆဲ) မောင်းနှင်သော ယာဉ်အမှတ် ၇ခ/၇၉၄၁ အဲယားကွန်းဘတ်စ်(အဝါရောင်) ရွှေညီ့သည်-၁ ယာဉ်နှင့် မျက်နှာချင်းဆိုင် တိုက်မိကြပြီး ၂က/၂၇၃၇ဒိုင်နာမှာ တိမ်းမှောက်သွားခဲ့သည်။

သေဆုံး

အဆိုပါယာဉ်နှစ်စီး တိုက်မိမှုကြောင့် ခရီးသည် အမျိုးသား ရှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ပြီး ယာဉ်နှစ်စီးပေါ်ပါရှိကြသည့် ခရီးသည် အမျိုးသား ၁၁ဦး၊ အမျိုးသမီး ခုနစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြသည်။

ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀- ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅- ၁း၀၅	**'တွေ့ပါတယ် ဒါပေမယ့်မမြင်' တရားတော် (မဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)**
၇း၄၅- ၁း၄၅	တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
၇း၅၅- ၁း၅၅	တေးဂီတအစီအစဉ်
၈း၀၀- ၂း၀၀	Sunday Talk
၉း၀၀- ၃း၀၀	ရှမ်းဝတ်စားဆင်ယင်မှုပြကွက်
၉း၀၅- ၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀- ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀- ၃း၂၀	Biz Net.
၉း၃၅- ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀- ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅- ၃း၄၅	ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးပြဿနာများ (စရဏ စကားဝိုင်း)
၁၀း၃၅- ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀- ၄း၄၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ (စပိန်စတိုင်းလ်)
၁၀း၅၅- ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀- ၅း၀၀	လက်ဖက်စိုက်တဲ့ ရွာကလေး
၁၁း၁၅- ၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅- ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀- ၅း၃၀	ကျိုးသဲမြို့မှ စည်းလုံးချည်
၁၁း၄၀- ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅- ၅း၄၅	သွေးစည်းချစ်ကြည်မြန်မာပြည် တိုင်းရင်းသားများပေါင်းစုံညီ
၁၂း၁၅- ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀- ၆း၂၀	Activities in the City (အရိုးဆရာဝန်များညီလာခံ)
၁၂း၃၅- ၆း၃၅	Music Gallery (ဇော်ဝမ်း-မွေးဌာနီ)
၁း၀၀- ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၈း၀၀	၂။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၃။	International News
၈း၄၅	၄။	Let's Go
၉း၀၀	၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၀၀	၅။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၁၀	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၇း၅၀	၇။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၁၀	၉။	မိုးလေဝသအခြေအနေ
၁၈း၁၅	၁၀။	**"ပြည်ထောင်စုနေ့ အထိမ်းအမှတ်"** (အမျိုးသားပညာရည် မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် စကားဝိုင်း) [ဂျပန်ဘာသာ]
၁၈း၅၀	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၂၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၂၃)
၁၉း၄၅	၁၃။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ **"စစ်မှန်သော မျိုးချစ်စိတ်ဓာတ်"**
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှင်ပြိုင်** (အပိုင်း-၃)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

မလေးရှားနိုင်ငံတွင်သွားရောက်အလုပ်လုပ်လိုသောသူများသိစေရန်

၁။ ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်လိုသော မြန်မာနိုင်ငံသားများအား ကုန်ကျစရိတ်အနည်းဆုံးဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်လိုသောသူများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်သားများ လိုအပ်လျက်ရှိပါသည်-

(က) DK LEATHER SEATS SDN BHD

လိုအပ်ဦးရေ - ၈၀

(ခ) ရရှိမည့်လစာ - တစ်လလျှင်အနည်းဆုံး RM ၇၅၀ နှင့်အထက်

(ဂ) အသက် - ၁၈နှစ်မှ အသက် ၄၀ အတွင်း

၂။ USD ၃၅၀ နှင့်ညီမျှသော မြန်မာငွေ(လေယာဉ်ခအပါ)ကို ကုမ္ပဏီတွင် လက်ငင်းပေးချေပြီး ကျန်ငွေကို အကြွေးစနစ်ဖြင့် အရစ်ကျပေးသွင်းရမည်။

၃။ လူတွေ့စစ်ဆေးခြင်းကို ၁၆-၂-၂၀၀၈ ရက်တွင် ပြုလုပ်မည်။

၄။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

အမှတ် - ၈/ဘီ၊ ၈မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၃၇၁၆၊ ၆၆၄၉၁၄၊ ၆၅၃၃၉၀

e-mail:siwa@mptmail.net.mm,siwa@myanmar.com.mm

Web: www.shweinnwamanpower.com

အမည်ဖြည့်စွက်ခြင်း

အဖ ဦးမျိုးမြင့်၏သား မောင်မျိုးဆက်ပိုင်အား မောင်မျိုးဆက်ပိုင်(ခ) မောင်မျိုးကိုကိုဟု ဖြည့်စွက်ခေါ်ပါရန်။

မျိုးဆက်ပိုင်(ခ)မျိုးကိုကို ၁၂/တမန(နိုင်)၁၀၇၆၃၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ၈/၂၀၄၂၊ အမျိုးအမည် ဗီလီ၊ လက်ဝယ်ရှိသူအမည် ဦးရွှေသိန်း မှတ်ပုံတင်အမှတ် ၈/ပခက(နိုင်) ၀၂၅၄၅၉၏ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ရဲမင်းထက် ၉/မရမ(နိုင်) ၀၈၉၄၅၅ သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး အိမ်မှ ဆင်းသွားပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စများအား (လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) **မိခင်-ဒေါ်ခင်ဝင်း ၉/မရမ(နိုင်)၀၄၀၄၅၀၊ အမှတ်၃၉/၄၁၊ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊တာမွေမြို့။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/ ၃၈၃၀ မာစတာ E-၂၀၀၀ လိုက်ထရပ်ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၄/ဖပန(နိုင်)၀၀၃၉၃၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ မအူပင်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကဖွင့်လှစ်သော အရာရှိအခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း အမှတ်စဉ် (၁/၂၀၀၈) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၆ ရပ်ကွက်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲတပ်ရင်းများ ကွပ်ကဲရေးမှူးချုပ် ရဲမှူးချုပ် သန်းဟန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ လ-၁၈၇၁၈၇ ရဲတပ်ကြပ် တင်စိုး၊ ဒုတိယဆုရ လ-၁၇၂၁၈၄ ရဲတပ်ကြပ်ဇော်သင်း၊ တတိယဆုရ လ-၁၉၇၅၆၃ ရဲတပ်ကြပ်မျိုးပိုင်သက်တို့အား ရဲတပ်ရင်းများ ကွပ်ကဲရေးမှူးချုပ် သန်းဟန်က ဆုများအသီးသီး ချီးမြှင့်ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းဆင်းတပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသားတပ်ခွဲမှူး လ-၂၀၆၈၃၂ ဒုရဲအုပ်ဇော်လင်းမောင်သို့ ပေးအပ်သည်။

(မြန်မာ့အလင်း)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက မုန်းမြို့နယ် အောင်ချမ်းသာကျေးရွာနေအဖဦးပိန်၏သား ဦးမြင့်အောင် အသက် (၄၆)နှစ်သည် ကြိမ်ခုတ်ရန် တောတွင်းသို့သွားရောက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးမြင့်အောင်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ဒဏ်ရာ ရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

မိုင်းထိဒဏ်ရာရရှိသည့် ဦးမြင့်အောင်အား တာဝန်ရှိသူများက မုန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ ပထဝီဝင်

မင်္ဂလာပါတပည့်တို့ -

အခြေခံပညာ အထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးတွင် သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်ဟူ၍ အပိုင်းကြီး ငါးပိုင်း ပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနှင့် ကျွန်းများ အကြောင်းပါဝင်သည်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းတွင် သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဂ) မြန်မာနိုင်ငံ ပထဝီဝင်အပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်အပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်) နိုင်ငံအပြင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားသည်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းတွင် စကေးများ၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်သည်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံတွင် အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင် မေးခွန်းများဟူ၍ ဖြစ်သည်။ ၎င်းအနက် အပိုင်း(က)နှင့်(စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်း တစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်းခြောက်ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ လိုအပ်သော နေရာများတွင် မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမည်ဖြစ်သည်။ ဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်း ပေးမှတ်မှာ ၁၀၀ ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်တွင် သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမည်ဖြစ်သည်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်သည်။

အပိုင်း(ခ)တွင် မေးခွန်းရှည် နှစ်ပုဒ်နှင့် မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ရွေး၍ ၁၅ မှတ်ဖိုး ဖြေရမှာ ဖြစ်သည်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င) တွင်လည်း ၁၅မှတ်ဖိုးစီ ဖြေရမည်ဖြစ်၍ လေးပိုင်းအတွက် စုစုပေါင်း အမှတ် ၆၀ ရမည်။

လက်တွေ့ပထဝီဝင်အပိုင်း (စ) မေးခွန်း ၁၄(က)တွင် စကေးနှင့် ကောင်းကင်ဓာတ်ပုံ အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀ မှတ်ဖိုးဖြေရမည်။ မေးခွန်း ၁၄(ခ) တွင် ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမည်ဖြစ်ပြီး ၁၅ မှတ်ပေးသည်။ ဓမ္မဓိဋ္ဌာန်ကဲ့သို့ မဖြေမနေရဖြစ်သည်။ ထို့ကြောင့် အပိုင်း(စ)တွင် စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်သည်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန်လေ့ကျင့်ထားရမည်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်သည့် အခါတွင် မြေပုံနှင့် အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်သည့်အတွက် အလွတ်ကျက်ခြင်းထက် ပို၍ဖြေဆိုနိုင်သည်။ မေးခွန်းတွင်မေးထားသည့် လိုရင်းကိုသာဖြေရမည်ဖြစ်ပြီး သိတာတွေအားလုံး ဖြေရမည်မဟုတ်ကြောင်း သတိပြုရပါမည်။ ကမ္ဘာ့ပထဝီဝင်အပိုင်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများ ပါဝင်သည်။ နိုင်ငံတိုင်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမည်။ ထို့ပြင် ရူပ ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေး ပထဝီဝင်ဟူ၍ ခွဲခြားလေ့လာမှတ်သားသင့်သည်။ ရူပ ပထဝီဝင်အပိုင်းတွင် တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများပါဝင်သည်။ <u>သဘာဝပထဝီဝင်တွင် မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ</u> ပါဝင်သည်။ လူမှုရေးပထဝီဝင်တွင် လူဦးရေ၊ လူမျိုးနှင့် <u>မြို့ကြီးများ</u> ပါဝင်သည်။ စီးပွားရေးပထဝီဝင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းများ ပါဝင်သည်။ <u>စီးပွားကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ</u> ပါဝင်သည်။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဤအပိုင်းများမှ သိသင့်သော အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်သည်ကို သတိပြုပါ။

ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများ၏ စကေးကိုတွက်ချက်ခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါသည်။

လက်တွေ့ပထဝီဝင်အပိုင်းမှာ လေ့ကျင့်ဖို့ အများကြီးလိုအပ်ပါတယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေဟာ စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမရပါ။ ဥပမာ - ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိတ်များတွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကို ဖတ်ရှုရုံနဲ့မလုံလောက်ပါ လက်တွေ့အကြိမ်ကြိမ်လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုသည့်အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်ပါသည်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများများကို မှန်မှန်လေ့ကျင့်သင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတ ရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့ တွက်ချက်ခြင်းများ မပြုမီ စကေး၏ အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကို မည်သို့ဖော်ပြရမည်၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ၊ အဓိက ပုံပြစကေးနှစ်မျိုး၏ တွက်ချက်ရေးဆွဲခြင်းကို သိထားသင့်သည်။

ပုံပြစကေးဆိုသည်မှာ မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျ မျဉ်းတစ်ကြောင်း ရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြခြင်းဖြစ်သည်။ အဓိကအားဖြင့် <u>စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေး</u>ဟူ၍ နှစ်မျိုးရှိသည်။ ပုံပြစကေး ရေးဆွဲရာမှာ <u>တွက်ချက်ရန်နှင့် ဆွဲသားရန်</u>ဟူ၍ နှစ်ပိုင်းပါဝင်သည်။

ပုံပြစကေးများတွက်ရန် ဆွဲရန်အတွက် အနည်းဆုံးပြရမည့် ကိန်း၏ "ယူနစ်" ကို သတိပြုရန်လိုအပ်သည်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်သည့်အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေး စသည်တို့ကို အရင်ဆုံး ယူနစ်ပြောင်းလဲပေးရမည်။ ထို့ကြောင့် တစ်မိုင်မှာ ၆၃၃၆၀ လက်မ (သို့မဟုတ်) ၅၂၈၀ ပေ (သို့မဟုတ်) ၁၇၆၀ ကိုက် (သို့မဟုတ်) ၈ ဖာလုံနှင့်ညီမျှပြီး လိုအပ်သလို ပြောင်းလဲပေးရမည်ဖြစ်သည်။ တွက်ချက်သည့်အခါ ရေးဆွဲရမည့် မျဉ်း၏ အလျားသည် လေးလက်မနှင့် ခြောက်လက်မကြားရှိလျှင် အသင့်တော်ဆုံးဖြစ်သည်။ တွက်နည်းကို အဆင့်ဆင့် မှန်အောင်တွက်ရမည်။ တွက်၍ရသည့်အပေါ် မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန် စိတ်ပိုင်းသည့်အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်ချက်ဖြစ်သည်။

ဥပမာ။ ။ ၂ လက်မလျှင် ၁ မိုင် စကေးကို ကိုက် ၁၀၀ အထိ ပြသနိုင်သောစကေးကျဲပုံ တစ်ပုံ တွက်ချက်ရေးဆွဲပါ။

တွက်နည်း

၂ လက်မလျှင် ၁ မိုင်စကေး

၂ လက်မလျှင် ၁ မိုင် × ၁၇၆၀ ကိုက်

၆ လက်မလျှင် = (၆ × ၁၇၆၀) / ၂ = ၅၂၈၀ ကိုက် (အနီးဆုံး ၅၀၀၀ ကိုက်ယူမည်)

၅၂၈၀ ကိုက်လျှင် ၆ လက်မ

၅၀၀၀ ကိုက်လျှင် = (၅၀၀၀ × ၆) / ၅၂၈၀ = ၁၂၅ / ၂၂ = ၅. ၆၈ လက်မ

အပိုင်းပေါင်း = ၅၀၀၀ / ၁၀၀ = ၅၀ ပိုင်း (၅ × ၁၀) မူလပိုင်း ၅ ပိုင်း၊ ထပ်ဆင့်ပိုင်း ၁၀ ပိုင်း

မူလပိုင်းတစ်ပိုင်း တန်ဖိုး = ၅၀၀၀ / ၅ = ၁၀၀၀ ကိုက်

ထပ်ဆင့်ပိုင်းတစ်ပိုင်း တန်ဖိုး = ၁၀၀၀ / ၁၀ = ၁၀၀ ကိုက်

ပုံဆွဲနည်းရှင်းလင်းချက်

၁။ တွက်ချက်၍ရသော အလျား ၅. ၆၈ လက်မအတိုင်း စကေးမျဉ်းကို တိကျစွာရေးဆွဲပါ။



၅. ၆၈"

၂။ စကေးမျဉ်း၏လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။



၅. ၆၈"

၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်တွင် (၅)ပိုင်းအညီ ကွန်ပါဖြင့် ပိုင်းပါ။

၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

၅။ ထိုမျဉ်းနှင့်အပြိုင် ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲပါ။

၆။ ထိုအခါ စကေးမျဉ်းပေါ်တွင် ပိုင်းလိုသည့်အရေအတွက် အပိုင်းကြီး(မူလပိုင်း) (၅) ပိုင်းကို အညီအမျှပိုင်းပြီးဖြစ်မည်။

စာမျက်နှာ ၁၆ ကော်လံ ၁

စာမျက်နှာ ၁၅ မှ

၇။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း(၁၀)ပိုင်းအညီစိတ်ရန် စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။ အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်းပိုင်းမှတ်မှ အောက်သို့ မတ်မျဉ်းထောင်ပါ။



၈။ ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ (၁၀)ပိုင်း ပိုင်းပါ (မတ်မျဉ်းများကို ၁ လက်မ ထောင်ပြီး၊ ၁ လက်မရှိ ၁၀ စိတ်ကို အညီမျှပိုင်းမှတ်နိုင်သည်။)

၉။ ထို ၁၀ ပိုင်း ပိုင်းမှတ်များကို ပုံတွင်ပြထားသည့်အတိုင်း မျဉ်းပြိုင်များဆက်လျှင် မူလပိုင်းကြီး တစ်ပိုင်းကို အညီအမျှ ၁၀ ပိုင်း ပိုင်းပြီးဖြစ်မည်။

၁၀။ အပိုင်းတန်ဖိုးများ တပ်ပေးရမည်။ '၀' ကို ပထမပိုင်းမှတ်၌ရေးရမည် '၀' မှ လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား (ကိုက်) ကိုဖော်ပြရမည်။

၁၁။ ခေါင်းစဉ်တပ်ပေးရမည်။ အနည်းဆုံးတစ်ပိုင်း၏ တန်ဖိုးကို ပုံတွင်ဖော်ပြပေးရမည်။

၂လက်မလျှင် ၁မိုင်ကို ကိုက် ၁၀၀အထိ ပြသနိုင်သော စကေးပုံကဲ့ပုံ



ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကို လေ့လာမည်။ ကောင်းကင်ဓာတ်ပုံဆိုသည်မှာ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည့်တို့မှ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။ ကောင်းကင်ဓာတ်ပုံများကို (၁) တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂) အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဟူ၍ အဓိက နှစ်မျိုးခွဲခြားနိုင်သည်။

တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကို မြင်နိုင်သော တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနှင့် မိုးကုတ်စက်ဝိုင်းကို မမြင်နိုင်သည့် တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဟူ၍ နှစ်မျိုး ထပ်မံခွဲခြားနိုင်သည်။

ကောင်းကင်ဓာတ်ပုံနဲ့ သက်ဆိုင်တဲ့အကြောင်းအရာပိုင်းမှာ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ကောင်းကင်ဓာတ်ပုံများနဲ့ စတီရီယိုစကုပ်များကိုသုံးပြီး လက်တွေ့လုပ်နိုင်ခြင်းမရှိတဲ့အတွက် ကောင်းကင်ဓာတ်ပုံစကေးရှာနည်း၊ စကေးနဲ့ပတ်သက်တဲ့ ပုစ္ဆာများကိုသာ တွက်ချက်လေ့ကျင့်ရမှာဖြစ်သည်။

ပုစ္ဆာများတွက်သည့်အခါ ပုံကြမ်းများရေးဆွဲပေးသင့်သည်။ သတိပြုရမည့် အချက်များမှာ အချိုးစကေးတွင် ပိုင်းဝေသည် အစဉ်အမြဲ "၁" ဖြစ်ရမည်။ ပိုင်းဝေနှင့် ပိုင်းခြေ ယူနစ်တူအောင် ညှိပေးရမည်။ ကိုက်ညီမည့် ပုံသေနည်းများကို သုံးရမည်။ ပိုင်းဝေမှာ မြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေး ဖြစ်သည်။ ထိုအခါ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသည်ဖြင့် ရှာခိုင်းလျှင် လိုအပ်သော ယူနစ်ကို ပြောင်းပေးရမည်။

ကောင်းကင်ဓာတ်ပုံစကေးရှာခြင်း

ကောင်းကင်ဓာတ်ပုံစကေးကို

(၁) ကင်မရာဆုံတာနှင့် လေယာဉ်ပျံသန်းသောအမြင့်တို့၏အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနှင့်မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနှင့် နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်း

ဟူ၍နည်း(၃)နည်းရှိသည်။

(၁) ကင်မရာဆုံတာနှင့်လေယာဉ်ပျံသန်းသောအမြင့်တို့၏အချိုးဖြင့် စကေးရှာနည်း

အသုံးပြုရမည့် ပုံသေနည်း(၁)

$$\text{Scale or RF} = \frac{f}{H}$$

သင်္ကေတရှင်းလင်းချက်

Scale or RF = စကေး/အချိုးစကေး(Representative Fraction)
f = ကင်မရာဆုံတာ(focal length)
H = ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်
(Flying Height above the ground)
A = ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)

အသုံးပြုရမည့် ပုံသေနည်း(၂)

$$\text{Scale or RF} = \frac{f}{(A-h)}$$

Scale or RF = စကေး/အချိုးစကေး(Representative Fraction)
f = ကင်မရာဆုံတာ(focal length)
A = ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)
h = ကုန်းမြေအမြင့်(height of the terrain)

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့်(H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့ အမြင့် (A)မှ ကုန်းမြေအမြင့်(h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကိုရနိုင်ပါတယ်။

(၂) ဓာတ်ပုံပေါ် အကွာအဝေးနှင့် မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း
အသုံးပြုရမည့်ပုံသေနည်း

$$\text{Scale or RF} = \frac{PD}{GD}$$

သင်္ကေတရှင်းလင်းချက်

Scale or RF = စကေး/အချိုးစကေး (Representative Fraction)
PD = ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)
GD = မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance)

(၃) စကေးသိသောမြေပုံနှင့် နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်း -
အသုံးပြုရမည့်ပုံသေနည်း

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

သင်္ကေတရှင်းလင်းချက်

Scale or RF = စကေး/အချိုးစကေး (Representative Fraction)
PD = ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)
MD = မြေပုံပေါ်ရှိအကွာအဝေး (Map Distance)
Map Scale = မြေပုံစကေး

ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသော ပုံသေနည်းများနှင့် တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမည်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီးတွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့သင်္ကေတတွေရဲ့အဓိပ္ပာယ်ကိုသိထားရန်၊ မည်သည့် ပုံသေနည်းကို မည်သည့် ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန်အထူးလိုအပ်တယ်။ နမူနာများကိုအထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းတွင် (က) မှ (ခ) သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာနှင့် လတ္တီတွဒ်၊ လောင်ဂျီတွဒ် ရှာဖွေခြင်း၊ မြန်မာနိုင်ငံ၏ မည်သည့်ပြည်နယ်၊ တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပ ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေး ပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ စသည်ဖြင့် ပါဝင်သည်။

(က) မှ (ခ) သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင် ပေးထားသော အလျားလိုက်စကေးကို အသုံးပြု တွက်ချက်ရှာဖွေရမည်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆမှ ၁၀ ဆအထိ ချဲ့သင့်သည်။ စကေးကိုတစ်လက်မအပေါ် မူတည်ရှာရမည်။ ရလာသောအဖြေကို ပုံဆွဲရာ၌ လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကိုယူရမည်။ ဤနည်းသည် ပုံသေနည်းကဲ့သို့ မည်သည့်စကေးမဆို တွက်နိုင်ရမည်။

ဒေါင်လိုက်စကေးရှာရာတွင်

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်
ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)
၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)
၁ လက်မ = (၁ × ၅၂၈၀)/၅ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံး)

ထို့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ တွက်၍ စကေးရလျှင် ပေးထားသော ဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမည်။

ရေးဆွဲပုံ အဆင့်ဆင့်မှာ



ပထမဦးဆုံး ပေးထားသော ကွန်တို မြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။



စာမျက်နှာ ၁၇ ကော်လံ ၁

စာမျက်နှာ ၁၆ မှ

ပြီးလျှင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။ ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

ထို့နောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပြီးလျှင် ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ' အလျားအတိုင်း အောက်ခြေ အလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားသော ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားသည့်အတွက် ယင်းမျဉ်းများပေါ်တွင် ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမည်။



ခေါက်ထားသောကွန်တိုမြေပုံ စာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ' အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍ မှတ်ပါ။

မှတ်ထားသောအစက်များကို ပြေပြစ်သည့်မျဉ်းကြောင်းများ လိုက်ဆက်လျှင် လိုအပ်သော မြေပြင်ပုံ ပေါ်ထွက်လာမည်ဖြစ်မည်။ ဤကဲ့သို့ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်၌ရှိသော နေရာအမြင့်များ၌ မှန်အောင်ရေးရန် လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဍာန် အနည်းငယ်ချိုင့်ပေးရမည်။



ပုံတွင် ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စသည့်နေရာများကို မြားများပြပြီး ဖော်ပြရမည်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင်ချယ်ပေးသင့်သည်။ ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏ အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမည်။

မြေပုံပါဒေသ၏ဧရိယာနှင့်တည်နေရာကိုဖော်ပြတဲ့အခါ

မြေပုံပါဒေသ၏ တည်နေရာကိုဖော်ပြတဲ့အခါ နည်း ၂ နည်းဖြင့်ဖော်ပြနိုင်တယ်၊ ပထမနည်းက သင်္ချာ နည်းဖြစ်ပြီး မြေပုံ၏ဘောင်တွင် လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်များကို မှတ်သားဖော်ပြထားလေ့ရှိသည်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် ၉၂˚ ကျော်သော ကိန်း၂ ခုသည် အရှေ့လောင်ဂျီတွဒ်မျဉ်းများဖြစ်ပြီး ကျန် ၂၈˚ အောက်၂ ခုမှာ မြောက်လတ္တီတွဒ် ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ ။ မြေပုံပါဒေသသည် မြောက်လတ္တီတွဒ် ၂၁˚ ၄၅' နှင့် ၂၁˚ ၄၉' အတွင်း အရှေ့လောင်ဂျီတွဒ် ၉၆˚ ၉' နှင့် ၉၆˚၁၃' အတွင်းတွင်ရှိသည်။

နောက်တစ်နည်းမှာ မြေပုံပေါ်မှာပါရှိသည့် ထင်ရှားသော မြစ်ချောင်းစသည့် မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ၊ ပေးထားတဲ့မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာ မပါဘဲ ဧရာဝတီမြစ်အလယ် ဗဟိုမှဖြတ်စီးနေပါက " မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်" ဟု အကြမ်းအားဖြင့်ရေးနိုင်သည်။ အကယ်၍ ထင်ရှားသော မြို့တစ်မြို့(ဥပမာ-ရေနံချောင်းမြို့) ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်" ဟုရေးနိုင်သည်။

မြေပုံပါဒေသ၏ဧရိယာကို မြေပုံစကေးနှင့်အညီ တွက်ချက်၍ စတုရန်းမိုင်ဖြင့်ဖော်ပြရမည်။ ဥပမာ မြေပုံ၏စကေးသည် ၂" လျှင် တစ်မိုင်ဖြစ်ပြီး ယင်းမြေပုံ၏အလျားနှင့်အနံသည် ၈ လက်မနှင့် ၄ လက်မရှိပါက စကေးအရ မြေပြင်တွင်အလျား၄ မိုင်နှင့် အနံ ၂မိုင်အသီးသီးရှိမည်။ ထို့ကြောင့် ပေးထားသောမြေပုံပါ ဒေသ၏အကျယ်အဝန်း ဧရိယာသည်(အလျား ၄မိုင် × အနံ ၂မိုင်) ၈ စတုရန်းမိုင်ရှိသည်။ အကယ်၍ တွက်ချက်ရရှိတဲ့အဖြေသည် ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်သည်။

မြေပုံပါဒေသသည် မည်သည့်ပြည်နယ်နှင့် တိုင်းအတွင်းပါဝင်သည်ကို ဖော်ပြရာမှာ မြေပုံ၌ ပါဝင်သည့် မြို့၊ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစသည့် အခြေအနေများကို စေ့စပ်သေချာစွာ လေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ ။ မြေပုံတွင်ဂွမြို့နယ်ဟု တွေ့ရသဖြင့် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်ဟု တွေ့ရသဖြင့် မန္တလေး တိုင်းအတွင်း တည်ရှိသည်။

မြေပုံပါဒေသ၏ ရူပ ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင် စသည် မေးခွန်းတွေကို ဖြေတဲ့အခါမှာ ရေးသားခြင်းမပြုမီ မြေပုံကို ရည်ညွှန်းချက်များပါ ပူးတွဲပြီး သေချာစွာလေ့လာ ကြည့်ရှုရမည်။ မြေပုံမှာပါတဲ့ ထင်ရှားသော လက္ခဏာများကို သိမြင်ပြီး ဒေသတစ်ခုလုံးကို ခြုံငုံသဘောပေါက်မှသာ စတင်ရေးသားသင့်တယ်။

ရူပ ပထဝီဝင်တွင် ဒေသ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ အောက်ခံကျောက်နှင့် တွင်းထွက်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာ အကြောင်းတွေ ဖြေရမယ်။

သဘာဝပထဝီဝင်တွင် မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ အောက်ခံကျောက်နှင့်တွင်းထွက်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့်မြေဆီလွှာတို့ အကြောင်းဖြေရမယ်။

လူမှုရေးပထဝီဝင်မှာ လူဦးရေများ/သင့်/နည်း၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ မြို့နှင့်ရွာပျံ့နှံ့တည်ရှိပုံ၊ ပုံသဏ္ဍာန် (ဥပမာ-ရွာတန်းရှည်၊ ရွာစုရွာဝိုင်း) စသဖြင့် ဖြေရမယ်။

စီးပွားရေးပထဝီဝင်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်တူးဖော်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေး စသည်တို့ကို ဖြေရမယ် အကယ်၍ စီးပွားရေးကုန်ထုတ်လုပ်ငန်းဆိုပါက စိုက်ပျိုးရေးမှ စက်မှုလက်မှုလုပ်ငန်းအထိပဲရေးရမယ်။

မြေပုံပါဒေသ၏ ပထဝီဝင်ကိုဖတ်ရှုရေးသားရာတွင် အတွေ့အကြုံလည်းများစွာ လိုအပ်တယ်၊ ဒါ့ကြောင့် ကွန်တိုမြေပုံ အများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်၊ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုပါ။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်း အကြောင်းကို လေ့လာကြရအောင်



အထက်ဖော်ပြပါမြေပုံဒေသသည် ကျောက်ဆည်မြို့၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏အနောက်မြောက်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

'က' မှ 'ခ' သို့ ဖြတ်ပိုင်းပုံ



'က' နေရာသည် အမြင့်ပေ ၃၀၀ အောက်၌ရှိပြီး ကျောက်ဆည်မြို့ကိုဖြတ်ကာ ပေ ၈၀၀ ကျော်မြင့်သော တောင်ကုန်းကို ဖြတ်သွားပြီး အရှေ့ဘက်တွင် ချောင်း၂ ချောင်းနှင့် တူးမြောင်းကိုဖြတ်သွားသော လွင်ပြင်ကျယ် အဖြစ် တွေ့ရသည်။ ထို့နောက် ပေ ၆၀၀ ကျော်မြင့်သော တောင်ကုန်းကိုဖြတ်၍ 'ခ'နေရာသည် ပေ ၃၀၀ အောက်တွင်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရ ပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင် -

မြေပုံပါဒေသ၏ ရူပ ပထဝီဝင်

တည်နေရာနှင့်အကျယ်အဝန်း

ပေးထားသောကွန်တိုမြေပုံပါဒေသတွင် ကျောက်ဆည်မြို့ကိုတွေ့ရသဖြင့် မန္တလေးတိုင်းအတွင်းတည်ရှိပြီး မြောက်လတ္တီတွဒ် ၂၁˚ ၃၄" မှ ၂၁˚ ၃၈"အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၆˚ ၇" မှ ၉၆˚ ၁၂" အတွင်း တည်ရှိသည်။ ဧရိယာ (၃၆) စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

အင်တိုင်းရွာ၏ မြောက်ဘက်ရှိ မင်းမွေးတောင်၊ ရွှေသာလျောင်းဘုရားရှိရာ တောင်နှင့် အရှေ့တောင်ပိုင်းရှိ တောင်များမှလွဲ၍ကျန်ဒေသမှာမြေပြန့်လွင်ပြင်ဖြစ်သည်။ မင်းမွေးတောင်သည် မြောက်ပိုင်းတွင် တည်ရှိပြီး ပေ (၇၀၀)ကျော်မြင့်သည်။ ရွှေသာလျောင်းဘုရားရှိသည့် တောင်တန်းသည် ကျောက်ဆည်မြို့၏ အရှေ့ဘက်တွင်ရှိပြီး အရှေ့အနောက်သွယ်တန်းကာ ပေ(၈၀၀)ကျော်မြင့်သည်။ ကွန်တိုမျဉ်းများ စိပ်သဖြင့် ဆင်ခြေလျှောမတ်စောက်မည်။ အရှေ့တောင်ပိုင်းရှိတောင်မှာ(၆၆၁)ပေမြင့်သည်။ ကျောက်ဆည်မြို့ ပါဝင်သဖြင့် ဤဒေသသည် မန္တလေးကျောက်ဆည်လွင်ပြင်၏ တစ်စိတ်တစ်ဒေသဖြစ်ပြီးပေ(၃၀၀)အောက်သာမြင့်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁

စာမျက်နှာ ၁၇ မှ

ဇော်ဂျီမြစ်သည် အဓိကမြစ်ဖြစ်ပြီး အရှေ့တောင်မှ အနောက်မြောက်သို့ စီးဆင်းနေသည်။ အခြားချောင်းငယ်နှစ်ခုမှအပ မြစ်ချောင်းနည်းပါးသောဒေသ ဖြစ်သည်။ အရှေ့တောင်ပိုင်းရှိ တောင်ကုန်းမှစီးလာသော ချောင်းငယ်သည် နွေးရွာမြောက်ဘက်တွင် ပြတ်သွားသဖြင့် ချောင်းပျောက်ဖြစ်မည်။

ချောင်းပျောက်များကိုတွေ့ရ၍ အောက်ခံထုံးကျောက်ရှိနိုင်သည်။

ရာသီဥတု

မန္တလေး ကျောက်ဆည်ပတ်ဝန်းကျင်ဒေသဖြစ်၍ အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိခြင်း၊ မြင့်မားသော တောင်တန်းကြီးများ မရှိခြင်းတို့ကြောင့် အပူချိန်များမည်။ တူးမြောင်းများ၊ ချောင်းပျောက်များ တွေ့ရခြင်းတို့ကြောင့် မိုးနည်းပါးမည်။ အပူပိုင်းစတက်ရာသီဥတုမျိုး ရနိုင်သည်။

သဘာဝပေါက်ပင်

ရာသီဥတု ပူပြင်းခြောက်သွေ့သောကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

မြေဆီလွှာ

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင် တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများ ရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကို လေ့လာကြည့်လျှင်-

လူမှုရေး

ကျောက်ဆည်မြို့နှင့် ကျေးရွာအများအပြားပါဝင်သဖြင့် လူဦးရေများမည်။ ကျောက်ဆည်မြို့တည်ရှိသော အပိုင်းသည် လူနေသိပ်သည်းမှု အများဆုံးဖြစ်မည်။ မြို့ပြကျေးရွာတို့သည် ကားလမ်း၊ ရထားလမ်းနှင့် တူးမြောင်းတစ်လျှောက် မြေပြန့်ပိုင်းတွင် တည်ရှိကြသည်။ အများအားဖြင့် ရွာစုရွာပိုင်းနှင့် ရွာတန်းရှည် ပုံသဏ္ဌာန်များဖြစ်သည်။ ကျောက်ဆည်မြို့သည် အဓိကမြို့ဖြစ်ပြီး ကားလမ်း၊ ရထားလမ်းများ ဖြတ်သန်းသွား၍ ဆက်သွယ်ရေး ကောင်းမွန်သော မြို့ဖြစ်မည်။ အခြားရွာများမှာ သူငယ်တော်၊ ရွာဘိုလှ၊ ကြာအိုးကြီး၊ မြင်းကဘတ်၊ နွေးရွာ၊ ဥယျာဉ်၊ နတ်ရေကန်နှင့် အင်ဒိုင်းရွာတို့ဖြစ်သည်။

လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

မန္တလေးတိုင်း ကျောက်ဆည်မြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုး အများစုနေထိုင်ကြပြီး စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

စီးပွားရေးပထဝီဝင်

စိုက်ပျိုးရေး

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ မိုးနည်းပါးသော်လည်း ဇီးတောမြောင်း၊ တမုတ်မြောင်း၊မင်းရဲမြောင်းစသော တူးမြောင်းများ တွေ့ရ၍ ရေသွင်းစိုက်ပျိုးရေးဖြစ်ထွန်းမည်။ ရေသွင်းနိုင်၍ စပါးနှင့် ချည်မျှင်ရှည်ဝါအဓိက စိုက်ပျိုးမည်။ ပြောင်း၊ မြေပဲ၊နှမ်း၊ ပဲအမျိုးမျိုး၊ ကြံစသည်တို့ကိုလည်း စိုက်ပျိုးနိုင်မည်။

အောက်ခံထုံးကျောက်ရှိသော နေရာတွင် ထုံးကျောက်တူးဖော်ထုတ်လုပ်သော လုပ်ငန်းရှိနိုင်သည်။

စက်မှုလုပ်ငန်း

စပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးသည့်အတွက် ဆန်စက်၊ ဆီစက်လုပ်ငန်းများ ရှိနိုင်သည်။

လမ်းပန်းဆက်သွယ်ရေး

ကားလမ်း၊ ရထားလမ်းများ ဖြတ်သန်းသွားသဖြင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေကောင်းမွန်သော ဒေသဖြစ်မည်။

ကျောက်ဆည်မြို့မှ မြောက်ဘက်စဉ့်ကိုင်နှင့် တောင်ဘက်မြစ်သားမြို့များသို့ ရထားဖြင့် သွားလာနိုင်သည်။ ကားလမ်းဖြင့် စဉ့်ကိုင်၊ ကူမဲနှင့် တံတားဦးသို့ ဆက်သွယ်နိုင်သည်။ ကျောက်ဆည်မှ နွေရာသီကားလမ်းဖြင့် အရှေ့ဘက်၊ အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်ဒေသများသို့ သွားလာနိုင်သည်။ တစ်ရွာနှင့်တစ်ရွာ လှည်းလမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည်။

ကုန်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စိုက်ပျိုးရေး ကောင်းမွန်ခြင်းတို့ကြောင့် ကုန်သွယ်ရေးလည်း ကောင်းမွန်နိုင်သည်။

ဤအချက်အလက်များသည် ဒေသတစ်ခု၏ ဒေသန္တရပထဝီဝင်အနေဖြင့် ခြုံငုံသုံးသပ်ပေးထားခြင်းဖြစ်သည်။ စာမေးပွဲတွင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်း ပထဝီဝင်စသဖြင့် ခွဲမေးတတ်သည့်အတွက် မေးခွန်းကို သတိပြုပြီး ဖြေဆိုကြရန်နှင့် လက်တွေ့ပထဝီဝင်အပိုင်းသည် တိကျစွာ ဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာ လေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/ စာရေးသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၀၈ရက်နေ့တွင် အသက် ၁၆နှစ်ပြည့်ပြီး ၁၉နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၆-၂-၂၀၀၈ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး ၂၀-၂-၂၀၀၈ရက်နေ့မှ ၂၈-၂-၂၀၀၈ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-
(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။
(ဃ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် တပ်မတော် (ကြည်း) အမှတ် (၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို (၂)နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ (၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၅၀၀၀/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး (တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက်(၂)နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာ၊ စရိတ်များ ရရှိမည်-

အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၃၄၀၀၀	၂၀၀	၅၀၀၀	၃၉၂၀၀
(ခ) တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၃၄၀၀၀	၃၀၀	၅၀၀၀	၃၉၃၀၀
(ဂ) တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၃၄၀၀၀	၄၀၀	၅၀၀၀	၃၉၄၀၀
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၄၆၀၀၀	၄၀၀	၅၀၀၀	၅၁၄၀၀
(င) အရာခံဗိုလ်/စာရေး	၅၂၀၀၀	၄၀၀	၅၀၀၀	၅၇၄၀၀

မှတ်ချက်။ ။ နှစ်တိုးလစာကို (၂)နှစ်လျှင် ၁၀၀၀/-နှုန်းဖြင့် ၅၀၀၀/-အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် (၆)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် (၈)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း**သို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူတပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။ အသေးစိတ်သိလိုပါက နီးစပ်ရာစစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

အမြန်ရောင်းမည်
Volks Wagon (ည/---) ပေါင်မုန့်ကား လက်တင်မောင်းနိုင်ရန် အဆင်သင့်ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဆက်သွယ်ရန်-ဖုန်း-၂၀၀၅၇၆။

ဝမ်းနည်းကြေကွဲခြင်း

(ဒေါ်တင်တင်မြင့်)၏ခင်ပွန်း ဦးတင်မောင်ကွန့်(ပိုက်ကျိုး၊ မန္တလေး)သည် ၈-၂-၂၀၀၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ဦးစိုးမြင့်)-ဒေါ်မာလေးဝေ မိသားစု သဃ်န်းကျွန်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်အေး

အင်ဂျင်နီယာမှူး(စီမံ) စက်မှုအင်ဂျင်နီယာဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၅၁)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ ဦးမောင်မောင်အေး (အင်ဂျင်နီယာမှူး-စီမံ)သည် ၉-၂-၂၀၀၈ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယအထွေထွေမန်နေဂျာ(စက်မှု)နှင့် ဝန်ထမ်းများ။

ကျေးဇူးဆပ်ပါမည်
ကျွန်မ အိသဉ္ဇာအောင် ၁၂/ကတတ (နိုင်)၀၂၂၈၆၄၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၀၅၄၈၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-တစ်ဆင့်-၃၈၅၄၁၉။

မီးသတိပြု

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၌ ဥရုတံတားဖွင့်လှစ်

ဒေသထွက်ကုန်ပစ္စည်းများ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)က တာဝန်ယူ၍ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင် အမှတ်(၁၈၆/၀)၌ ဥရုမြစ်ကိုဖြတ်၍ တည်ဆောက်ပြီးစီးသည့် ဥရုတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် ယခုဥရုမြစ်ကူးတံတား တည်ဆောက်ပြီးစီးခြင်းကြောင့် ဒေသအတွင်း ဖောက်လုပ်ထားသည့် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းအတိုင်း ယင်းတံတားမှဖြတ်ပြီး နန့်တော-ရွှေတွင်းလမ်းကြောင်းမှ စစ်ကိုင်းတိုင်းနှင့် ဆက်စပ်သည့် ကချင်ပြည်နယ်သို့ လည်းကောင်း၊ ရွှေဘိုခရိုင်နှင့် ဆက်စပ်လမ်းပိုင်းဖြစ်သည့် ရေဦး-တန့်ဆည်-သက္ကယ်ကျင်း-ဖောင်းပြင်-နောင်ပိုအောင်လမ်း၊ ကသာခရိုင်နှင့် ဆက်စပ်လျက်ရှိသည့် ဝန်းသို-ပင်လယ်ဘူး- ဖောင်းပြင်-နောင်ပိုအောင်လမ်းတို့မှ ယခုဥရုမြစ်ကူးတံတားအားဖြတ်သန်း၍ ခန္တီး-လဟယ်ဒေသတွင်းရှိ မြို့၊ရွာများသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီးဖြစ်သည့်အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်

ဟုမ္မလင်းမြို့နယ်အနေဖြင့် စိုက်ပျိုးကေ ၁၀၄၂၁၅ကေမှ ထွက်ရှိသည့် ဆန်စပါး၊ ဆောင်းသီးနှံနှင့် ဒေသထွက်ပစ္စည်းမျိုးစုံကို အခြားဒေသများသို့ ဤတံတားမှ ဖြတ်သန်း၍ အလွယ်တကူ သယ်ပို့ရောင်းချနိုင်ခြင်း

စာမျက်နှာ ၉ ကော်လံ ၁ ■

ပန်းတိုင်ဆီသို့

ပြည်ထောင်စုဘွား၊ သွေးချင်းများတွင်
ကယား ကချင်၊ မွန်ကရင်နှင့်
အစဉ်ချစ်ကျွမ်း၊ ရခိုင်ရှမ်းတို့
စိတ်ဝမ်းရင်းချာ၊ ချင်းဗမာနှင့်
စုံစွာမျိုးနွယ်၊ ပေါင်းဆက်သွယ်ကာ
ပြည်နယ်နှင့်တိုင်း၊ ညီကာနှိုင်း၍
ကိုယ့်တိုင်းကိုယ့်ပြည်၊ ဝပြောစည်အောင်
တူညီယှဉ်တွဲ၊ စဉ်ခိုင်မြဲ၍
မခွဲမဖျက်၊ လက်ချင်းယှက်မည်
ဟန်ချက်ညီညီ၊ ဝန်ကိုယ်စီနှင့်
ကိုယ့်ပြည်အရေး၊ ကိုယ်သာတွေး၍
ကိုယ့်ပြည်အတွက်၊ ကိုယ်တွက်ချက်ကာ
ရှေ့ဆက်ခရီး၊ ပန်းတိုင်ကြီးကို
ပေါင်းစည်းချီတက်ကြပါစို့။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

နန်းမွန်ဟိန်း

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အထူးထုတ်ရောင်စုံအချပ်ပို လေးမျက်နှာပူးတွဲပါရှိပါသည်။

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

အသီးတစ်ရာ အညွှာတစ်ခု ဒို့ပြည်ထောင်စု

- ❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ် စာ - ၇
- ❒ ခေတ်သစ်ကိုလိုနီနယ်ချဲ့ဝါဒ ဇော်ဇော်၏ ကာတွန်း စာ - ၈
- ❒ ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ခိုင်မာ ညီညာသယ်ပိုး အလုံတိုး ဖွံ့ဖြိုးဝေဆာပြည်မြန်မာ မြင့်ဝေလှိုင်၏ဆောင်းပါး အထူးထုတ်(စာ - ဃ၊ ၁၊ ဂ)
- ❒ အမိရင်ခွင် စိုးမိုး(ပုသိမ်)၏ ကဗျာ အထူးထုတ် (စာ - ၁၊ ဂ)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား